မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၉၀)

ပဋ္ဌိတာနုဒ္ဓသေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

ပျော်ဘွယ်မြို့နယ် ဆုထူးပန်သစ္စာမဏ္ဍိုင်လောကမာရဇိန် ဆုတောင်းပြည့်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာအနီးရှိ မဟာမင်္ဂလာဓမ္မယျာသိဒ္ဓိစံတော်ရာကုန်းတော်မြတ်၌ ကမ္ဘာ့ရှေ့ရင်အေးဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇ္ဇာဇလ တည်ထားကိုးကွယ်တော်မူခဲ့သည့် ဉာဏ်တော် ၁၀၈တောင် အမြင့်ဆောင်သော ဆုထူးပန်သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော်မြတ်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆နာရီခွဲတွင် အဆိုပါစေတီတော်မြတ် ပရိဝုဏ်အတွင်းရှိ မဟာသီရိမင်္ဂလာစကြံတိုက်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညို၍ စေတီတော်အထွတ်၌ စိန်ဖူးတော်အား တင်လှူပူဇော်ပေးသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်များ ဖြစ်တော်မူကြသော ရမည်းသင်းမြို့ ဆင်ကျုံးတောရဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောသလ္လနှင့် ပျော်ဘွယ်မြို့ ရေလည်ပါဠိတက္ကသိုလ် ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒတို့အမှူးပြုသည့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး ဒေါ်ဝေဝေသာ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုးနှင့် ဇနီး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဥပါသကာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

စိန်ဖူးတော် တင်လှူပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပျော်ဘွယ်မြို့နယ်ရှိ ဆုထူးပန်သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော်အထွတ်၌ စိန်ဖူးတော်အား တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဘယ်နိုင်ငံတော်အစိုးရကမှ ကိုယ့်ပြည်သူတွေ ဒုက္ခရောက်မှာကို လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်ပါဘူး။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံလို အစိုးရနဲ့ ပြည်သူဟာ သားသမီးနဲ့ မိဘလို ဆက်ဆံရေးမျိုး ရှိနေတဲ့ နိုင်ငံမျိုးမှာ ပိုပြီးတော့တောင် နိုင်ငံတော်ပိုင်းက ဂရုစိုက်ပေးနေပါသေးတယ်။ ဒီအတွက်လည်း နိုင်ငံတော်ရဲ့ ကျေးဇူးတရားကို ကျွန်တော်တို့ မြင်တတ်ကြစေချင်ပါတယ်။

ကျော်ရဲမင်း၏ဆောင်းပါး စာ - ၈၊ ၉တွင် ဖတ်ရှုနိုင်ပါသည်

ဧရာဝတီနှင့်စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်ကျဆင်းမည်

(ဇူလိုင်၂၀ရက် မွန်းလွဲ ၁၂နာရီခွဲ ထုတ်ပြန်ချက်)

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်အထက် ၂၄စင်တီမီတာ (၀ဒသမ၈ပေ)ခန့် ကျော်လွန်နေသော်လည်း အဆိုပါ မြစ်ရေသည် တစ်နာရီလျှင် ၀ ဒသမ ၅ စင်တီမီတာနှုန်းဖြင့် ကျဆင်းနေပြီး နောက်နှစ်ရက်အတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

စစ်တောင်းမြစ်ရေ

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ၆စင်တီမီတာ (၀ဒသမ၂ပေ)ခန့် ကျော်လွန်နေသော်လည်း နောက်နှစ်ရက်အတွင်း မဒေါက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၁၇၀ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

သူငွေ့ရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှစ်ခု ပြီးစီးပါက ရခိုင်ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့ ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ရာ ပြည်နယ်အတွင်း အကျိုးစီးပွားဖြစ်ထွန်းစေမည့် စီမံကိန်းများဖြစ်။



ဓာတ်ပုံ မောင်မောင်၏ သတင်းဆောင်းပါး စာ - ၁၃

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဇူလိုင် ၂၁ ရက်)

လေဘေးသင့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နိုင်ငံတော်နှင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်

မေလ၂ရက်နှင့် ၃ရက်က ကျရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေဘေးသင့်ခဲ့ရသည့်ဒေသများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရေး အတွက် နိုင်ငံတော်က ငွေအား၊ စက်ယန္တရားအား၊ ပေါင်းစည်းညီညွတ်မှုအားတို့ဖြင့် ဖော်ဆောင်လျက်ရှိရာ အချိန်တိုအတွင်း အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စေတနာရှင်၊ အလှူရှင်များက လေဘေးသင့်ကျေးရွာများတွင် နေအိမ်များ၊ စာကြည့်တိုက်များ၊ ဆေးပေးခန်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းတွင် ကျေးရွာလမ်းများ ပြုပြင်ဖောက်လုပ်ကာ အခိုင်အမာနေအိမ်များ စနစ်တကျ ဆောက်လုပ်ပေးခဲ့သည်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများက နေအိမ်များတွင် ပြန်လည်နေထိုင်လျက်ရှိသော မိသားစုများ စိုက်ပျိုးစားသောက်နိုင်ရန် အတွက် မျိုးစေ့များ ဖြန့်ဝေလှူဒါန်းပေးလျက် ရှိသည်။

ဒေသခံပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် သန့်ရှင်းသောသောက်ရေရရှိရေး စီစဉ်ပေးလျက်ရှိရာ ယခုအခါ စေတနာရှင်များ လှူဒါန်းထားသည့် မြေရေစစ်အိုးများကိုအသုံးပြု၍ ကြည်လင်သန့်ရှင်းသောရေများ သုံးစွဲနိုင်ကြပြီဖြစ်သည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဘက်ဘက်က ပံ့ပိုးကူညီပေးလျက်ရှိရာ လုပ်ငန်းများ စတင်လုပ်ကိုင်နေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ပေးမှု၊ စေတနာရှင်များ၏ ပံ့ပိုးကူညီမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် လေဘေးသင့်ကျေးရွာများသည် ယခုအခါ မူလအနေအထားထက် များစွာတိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်သည်။

လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းရင်းသား ပြည်သူများအပါအဝင် လုပ်ငန်းရှင်များက နိုင်ငံတော်နှင့်အတူ လက်တွဲညီညီ ကြိုးပမ်းလျက်ရှိရာ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ အချိန်တိုအတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ပြုပြင်မွမ်းမံရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် သာယာအေးရိပ်သာလမ်း အမှတ်၁နေ ဖခင်ကြီး ဦးတင်စိန်အား ရည်စူး၍ ဇနီး ဒေါ်ခင်ဝင်းမြင့်နှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးဟံညွန့်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)** (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၇-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၄၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **ပညာလည်းရှာ စာပါပို့ချ**
	၂၁။	မေးမြန်းစုစမ်း
	၂၂။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်း၏ နောက်ကွယ်** (အပိုင်း-၆)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်၉နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာရှိ အောင်မင်္ဂလာကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ငါးပါးသီလခံယူ

ရှေးဦးစွာ မြို့နယ်သံဃနာယက အောင်မင်္ဂလာကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တမင်္ဂလထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်လှဝတီက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည့် အစီအစဉ်ကို လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီနှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် အလှူရှင်များက ဆရာတော် ဘဒ္ဒန္တမင်္ဂလနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်း၃၈စုံနှင့် လှူဖွယ်ပစ္စည်းများ၊ ဆေးဝါးများနှင့် နဝကမ္မ အလှူငွေကျပ် ၁၅၈၇၀၀တို့ကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တမင်္ဂလက သာဓုအနုမောဒနာတရား ချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ (က-ပ)

ဝါတွင်း သီလပေး တရားပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း ဒဂုံမြို့နယ်ရှိ မဟာဓမ္မရုံသီ အိမ်တော်ရာစေတီတော်ကြီး ရတနာ့ဗိမာန်တော်တွင် ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ဒဂုံပရိယတ္တိစာသင်တိုက်မှ စာချဆရာတော် ဘဒ္ဒန္တစန္ဒဝံသက နဝင်္ဂသီလချီးမြှင့်၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋ္ဌိစ္စသမုပ္ပာဒ် စက်ဝိုင်းဒေသနာသင်တန်း တရားပို့ချဟောကြားမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	မြတ်ဗုဒ္ဓ၏ အဆုံးအမသုံးမျိုးတရားတော် ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ
၇း၅၅-၁း၅၅	Land of Flowers
၈း၄၀-၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅-၂း၄၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ပါမောက္ခ ဒေါက်တာဦးရဲမြင့်နှင့် တွေ့ဆုံခြင်း)
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ (Mr. Crusher & Ms. Quench 2008)
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	အစဉ်အလေးထားပေး ကျောင်းကျန်းမာရေး
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	စပါးသုတေသနပြုလုပ်နေမှုများ
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	**ရေမြင့်.... ကြာတင့်** [ခန့်စည်သူ၊ ဧရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဝွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)]
၁၁း၅၅-၅း၅၅	MRTV-4 စာအုပ်စင်ကဏ္ဍ (အရေပြားအထူးကုဆရာဝန်ကြီးဒေါက်တာစိုးဝင်းဦး)
၁၂း၂၀-၆း၂၀	VJ Choice
၁၂း၄၀-၆း၄၀	သတ္တုတူးသောရွာကလေး
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❐ *ရွှေ့ဖုံးမှ*

ရှေးဦးစွာ အခမ်းအနားကို မဟာသီရိ မင်္ဂလာစကြာ်တိုက်တော်ကြီး၌ စတင်ကျင်းပရာ ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ပင့်ဖိတ်

ထို့နောက် လူမှုထူးချွန် ပထမဆင့် မဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ထူးမခြားနား သီချင်းခန့်ဖြင့် သီကျူးပူဇော်ပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည်(မွှေ့စရိယ-ဘီအေ)က ဒေဝနိမန္တနဂါထာဖြင့် နတ်များကို ပင့်ဖိတ်သည်။

ဆက်လက်၍ နိုင်ငံတော် ဩဝါဒါစရိယ ရမည်းသင်းမြို့ ဆင်ကျုံးတောရ ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောသလ္လထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသည့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို ယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းကြဲဖြန့် ချည်နှောင်ပေးကြသည်။

စိန်ဖူးတော်ဆက်ကပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက ဆုထူးပန်သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော်အား လှူဒါန်းပူဇော်သောအားဖြင့် စိန်ဖူးတော်ကို ဆင်ကျုံးတောရဆရာတော်ထံ ဆက်ကပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုးတို့က ငှက်မြတ်နားတော်ကို လည်းကောင်း၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်က ရွှေကြာသက်န်းတော်ကို လည်းကောင်း ဆရာတော်များထံ ဆက်ကပ်ကြသည်။

လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး၊ ဗိုလ်ချုပ်တင်စိုးနှင့်ဇနီး၊ တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ဦးမင်းကြည်(မွှေ့စရိယ-ဘီအေ) ရေးသား သီကုံးသော စိန်ဖူးတော်တင်လှူ ကုသိုလ်ယူ လူးတားညှပ်ထပ်တွန့် ရှစ်ဆယ်ပေါ် တေးထပ်ကို ဖတ်ကြားသီကျူး ပူဇော်သည်။

ဖတ်ကြား

ထို့နောက် ဆုတောင်းပြည့်စေတီတော်ကြီးအား ပြန်လည်ပြုပြင်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ရာ၌ မပြည့်စုံမှု၊ မှားယွင်းမှုများ ရှိခဲ့ပါလျှင် ခွင့်လွှတ်ပါရန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား တောင်းပန်လွှာစာတမ်းကို ဦးမင်းကြည်ကဖတ်ကြားသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ပျော်ဘွယ်မြို့ ရေလည်ပါဠိတက္ကသိုလ် ပဓာနနာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ အလှုပန်းစိုက် ငွေဖလားနှင့် သာသနာ့အလံကိုင်အဖွဲ့တို့က ဦးဆောင်ပြီး ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံကာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက စိန်ဖူးတော်အား လည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဗိုလ်ချုပ်တင်စိုးနှင့် တပ်မတော်အရာရှိကြီးများက ငှက်မြတ်နားတော်နှင့် ရွှေကြာသက်န်းတို့အား လည်းကောင်း အသီးသီးပင့်ဆောင်၍ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ် လှည့်လည်ပူဇော်ကြကာ မင်္ဂလာမဏ္ဍပ်သို့ ပို့ဆောင်ကြသည်။

ပင့်ဆောင်တင်လှူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက စိန်ဖူးတော်အား စိန်ဖူးတော်တင် မင်္ဂလာမဏ္ဍပ်ရှိ မိတ္ထီလာမြို့ လုမ္ဗိနီ ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပုံပေါ်သို့ ပင့်ဆောင်ပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ ပရိသတ်များက စိန်ဖူးတော်အား စေတီတော်ငြမ်းထက်သို့ မင်္ဂလာရထားပုံဖြင့် ပင့်ဆောင်တင်လှူကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဗိုလ်ချုပ်တင်စိုးနှင့် တပ်မတော် အရာရှိကြီးများက ရွှေကြာသက်န်းတော်၊ သာသနာ့အောင်လံတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပုံပေါ်သို့ ပင့်ဆောင်၍ နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြကာ ပရိသတ်များက စေတီတော်ငြမ်းထက်သို့ မင်္ဂလာရထားပုံဖြင့် ပင့်ဆောင်တင်လှူပေးကြသည်။

ပက်ဖျန်းပူဇော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များသည် စေတီတော်ငြမ်းထက်သို့ တက်ရောက်နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်တွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဗိုလ်ချုပ်တင်စိုးတို့က ငှက်မြတ်နားတော်အား ထီးတော်အထက်၌လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက စိန်ဖူးတော်အား စေတီတော်အထွတ်၌လည်းကောင်း တင်လှူပူဇော်ကြပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

အမျှဝေ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များသည် သာသနာ့အောင်လံတော်ကို ထီးတော်အထက်၌ လည်းကောင်း၊ ရွှေကြာသက်န်းတော်ကို ငှက်ပျောဖူး၌လည်းကောင်း စိုက်ထူလှူဒါန်း ပူဇော်ကြပြီး အခမ်းအနားမှူးက ဒေဝေါ ကာသကရဏ နတ်ပို့ဂါထာနှင့် အမျှဝေ စာတမ်းကို ဖတ်ကြားသည်။

> ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏
>
> လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။
>
> ကောင်းစွာစောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။
>
> (ဓမ္မပဒ - ၄၄)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသည့် ဧည့်ပရိသတ်များ ပျော်ဘွယ်မြို့နယ်ရှိ ဆုထူးပန်သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော်မြတ်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ပူဇော်ဆုတောင်း၍ နံနက်စနာရီခွဲတွင် မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ရွှေမိုးငွေမိုးရွာသွန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များသည် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ် အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်အဖွဲ့ဝင်များသည် ဆုထူးပန်သစ္စာမဏ္ဍိုင် လောကမာရဇိန် ဆုတောင်းပြည့်စေတီတော်၏ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

အနေကဇာတင်

ယင်းနောက် ဆရာတော် သံဃာတော်များက စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

(သတင်းစဉ်)

■ *ကျော်ဖုံးမှ*

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ခရေပင်ကိုလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ငြိမ်းက ပိတောက်ပင်ကိုလည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးက စိန်ပန်းပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည်ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၏ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လျှပ်စစ်ဆည်များအတွင်း ရေဝင်ရောက်မှုနှင့် ငါးမွေးမြူထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပဋ္ဌမပတ်

ယနေ့ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် ပဋ္ဌမပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မဲဇလီ၊ မန်ကျည်း၊ ကုက္ကို၊ တည်ပင်၊ သစ်ဆိမ့်၊ ဘောစကိုင်း၊ ကြောင်လျှာ၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း စသည့် အပင်များကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး၌ ၄၄၉ပင်၊ နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ၂၃၄၄ပင်၊ နေပြည်တော်တပ်ကုန်းရှိ နေပြည်တော် သတင်းစာတိုက်၌ ၈၁၂ပင်၊ နေပြည်တော် တပ်ကုန်းရှိ နေပြည်တော်ပုံနှိပ်စက်ရုံ၌ ၅၂၅ပင် စုစုပေါင်း ပျိုးပင် ၄၁၃၀တို့ကို စိုက်ပျိုးကြသည်။

ကွက်ပြည့်စိုက်ပျိုး

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် မြေလွတ် မြေလပ်များကို အကွက်ချ၍ အပိုင်းလိုက် အပတ်စဉ် စိုက်ပျိုးသွားမည်ဖြစ်ရာ ကျန်ရှိအပင်များကို သတ်မှတ်နေရာများ၌ ဇူလိုင်လအတွင်း ပြီးစီးအောင် ကွက်ပြည့်စိုက်ပျိုးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂၈) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂၈)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ မိမိကိုယ်မိမိ ဝေဖန်ခြင်း(၄) ယုံကြည်သူလား၊ အထင်ကြီးသူလား ဝေဝေဝါးဝါး အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ အသက်၅၀နှင့်အထက် ပြည်ပထွက်ခွာမည့်သူများကို အမြတ်ခွန်အတွက် ဘဏ်ငွေသွင်းရန် ကင်းလွတ်ပေး၊ အထည်ဆိုင်မှ အမျိုးသမီးကြီးတစ်ဦး အသတ်ခံရ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ချေးငွေများ မြန်မာနိုင်ငံသားများဘဏ်က တိုးမြှင့်ထုတ်ပေးမည်၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ လူမှုရေးလုပ်ငန်းများအတွက် ကျော်ဟိန်း၏ နိဝင်ဘာ ၁၁ဖြင့် မတည်မည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'အပွေးမြင် အပင်သိနိုင်သည့် လူကုန်ကူးမှုများ' စသော မျက်မှောက်ရေးရာ ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'အရှေ့ဆီကို ပြောင်းလဲသွားသော ကမ္ဘာကြီး၏ ဗဟိုဆွဲအားအရွေ့' စင်ကာပူနိုင်ငံ၏ ရှေ့ဆောင်လမ်းပြခဲ့သူ ဂုရုတစ်ပါးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုနှင့် လေလှိုင်းမှ တစ်ဆင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ချူကလီးယားစွမ်းအင် တစ်ကျော့ပြန်လာပြီလား၊ ငါးနှစ်သမီး မျက်မမြင်မလေးက ကမ္ဘာကျော်တေးသီချင်းများကို စန္ဒရားတီး၍ ဖျော်ဖြေ၊ လူ့အရိုးပြာမှနေ၍ စိန်များပြုလုပ်၊ အိမ်ဖော်တစ်ဦး အလုပ်စဆင်းသည့်နေ့၌ပင် မတော်မတရားပြုခံရ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e- Empire Media House က မြန်မာတစ်နိုင်ငံလုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၇-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ အဆိုပြိုင်ပွဲ

၇:၅၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်

၈:၀၅ ၆။ တေးဂီတအစီအစဉ်

၈:၂၀ ၇။ **အဲဒီမှာ စတွေ့တာပဲ**
မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း
(ဒါရိုက်တာ-မင်းအုပ်စိုး)

၈:၃၀ ၈။ International News

၈:၄၅ ၉။ အတီးပြိုင်ပွဲ

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၀ ၂။ အကပြိုင်ပွဲ

၄:၂၀ ၃။ တေးဂီတအစီအစဉ်
(မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)

၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၄:၄၀ ၅။ လက်ဆင့်ကမ်းဝေ ဂီတအမွေ

၅:၀၀ ၆။ အကပဒေသာ

၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၅:၂၅ ၈။ အဆိုပြိုင်ပွဲ

၅:၃၅ ၉။ ဥတုရာသီ တောကိုမှီ

၅:၄၅ ၁၀။ တေးဂီတအစီအစဉ်

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်

၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ
မာယာများနှင့် လှည့်ကွက်
(အပိုင်း-၁၃)

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ
ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့
(အပိုင်း-၁၃)

ဝါတွင်းအထူး ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့ ဗဟန်း အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း တစ်လနှစ်ကြိမ် ကျင်းပအပ်သော ၁၀ရက် အထူးတရားစခန်းပွဲကို ဇူလိုင် ၂၃ရက်မှ ဩဂုတ်၁ရက် (ဝါဆိုလပြည့်ကျော်၆ရက်မှ ဝါဆိုလကွယ်နေ့အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် အဖွဲ့ချုပ်ကြီး၏ နာယက ဇနိတာရာမကျောင်းတိုက်များ၏ ပဓာနနာယက အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဇနိတာလင်္ကာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။

သို့ပါ၍ အဖွဲ့ချုပ်ကြီးအတွင်း လေးထပ်ဘောဇနဆောင်ကြီး တည်ဆောက်လျက်ရှိရာ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း- ၅၄၁၈၆၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အမေရိကန်စစ်စခန်း ပြောင်းရွှေ့ဖွင့်လှစ်မှု ဒေသခံပြည်သူများ ဆန့်ကျင်ဆန္ဒပြ

တိုကျို ဇူလိုင် ၂၀

ဂျပန်နိုင်ငံရှိ အမေရိကန်စစ်အခြေစိုက်စခန်း နေရာပြောင်းရွှေ့ ဖွင့်လှစ်ရန်စီစဉ်မှုအပေါ် ဇူလိုင် ၁၉ရက်က အိုကီနာဝါကျွန်းရှိ ဒေသခံပြည်သူများ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ဆန့်ကျင်

အမေရိကန်စစ်အခြေစိုက်စခန်းကို ဂီနိုဝမ်ဆိပ်ကမ်းမြို့မှ နာဂိုဆိပ်ကမ်းမြို့သို့ စစ်အခြေစိုက်စခန်း ပြောင်းရွှေ့ဖွင့်လှစ်ခြင်းကို ဒေသခံပြည်သူများကလည်း ဆန့်ကျင်ခဲ့ကြခြင်းဖြစ်သည်။

ဆင်းတက်ပျံသန်း

အမေရိကန် စစ်အခြေစိုက်စခန်း ဖွင့်လှစ်ထားရှိခြင်းသည် ဒေသအတွင်း ရာဇဝတ်မှုထူပြောလာစေကြောင်း၊ ထို့အပြင် လေကြောင်းမှ တိုက်လေယာဉ်များလေ့ကျင့်၊ ဆင်းတက်ပျံသန်းမှု ပြုလုပ်နေခြင်းမှာ ဆူညံလွန်းသည်ဖြစ်ရာ ကျန်းမာရေးကို ထိခိုက်စေကြောင်း ဒေသခံများက ပြောကြားသည်။ ဂျပန်စစ်အခြေစိုက်စခန်းတွင် အမေရိကန် တပ်ဖွဲ့ဝင် ၅၀၀၀၀ခန့်ရှိနေကြောင်း သိရသည်။ (အင်တာနက်)

အိုဘားမား၏ ပြည်ပခရီးစဉ်စတင် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့သို့ရောက်ရှိ

ဝါရှင်တန် ဇူလိုင် ၂၀

ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားသည် ၄င်း၏ ပြည်ပခရီးစဉ် ပထမခရီးထောက်အဖြစ် အာဖဂန်နစ္စတန်နိုင်ငံသို့ ရောက်ရှိသွားပြီဖြစ်သည်။ သူသည် အမေရိကန်ကွန်ဂရက် ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးအနေဖြင့် ကဘူးလ်မြို့သို့ ရောက်ရှိခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်းနှင့် တွေ့မည်ဟု မျှော်လင့်ရသည်။

ထို့နောက် အိုဘားမား(**ယာပုံ**)သည် အီရတ်၊ ဂျော်ဒန်၊ အစ္စရေး၊ ဂျာမနီ၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့သို့ ခရီးဆက်မည်ဟု မျှော်လင့်ရသည်။

သမ္မတဘုရှ်၏ ကြိုးပမ်းမှုတွင် အားအနည်းဆုံးလက္ခဏာအဖြစ် မြင်တွေ့ရသည့် လုံခြုံရေးရာကိစ္စများကို အိုဘားမား ကိုင်တွယ်မည်ဟု မျှော်မှန်းကြောင်း သတင်းထောက်များက ပြောကြားသည်။

ကောက်ယူမှုစစ်တမ်း

အမေရိကန်ပြည်သူများက အိုဘားမားထက် သူ့ပြိုင်ဘက် ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်းက စစ်ဦးစီးချုပ်ဖြစ်ရန် ပိုမိုသင့်လျော်သည်ဟု သဘောထားကြကြောင်း ပြည်သူ့ဆန္ဒသဘောထား ကောက်ယူမှုစစ်တမ်းများက ဖော်ပြလျက်ရှိသည်။

အမေရိကန်စစ်ဘက်အနေဖြင့် အီရတ်ထက် အာဖဂန်နစ္စတန်ကို ပိုမိုအာရုံစိုက်သင့်ကြောင်း အိုဘားမားက ယခုရက်သတ္တပတ်အစောပိုင်းတွင် ပြောကြားလိုက်သည်။

စိတ်ဝင်စား

အာဖဂန်နှင့် အီရတ်ခေါင်းဆောင်များကို မည်သို့မှာကြားလိုပါသလဲဟူသော သတင်းထောက်၏ မေးမြန်းချက်ကို အိုဘားမားက ဖြေကြားရာ၌ မိမိသည် ပြောဆိုမှာကြားခြင်းထက် တစ်ဖက်သား၏ ပြောကြားချက်ကို နားထောင်ရန် ပိုမိုစိတ်ဝင်စားကြောင်း၊ မိမိမှာ အထက်လွှတ်တော် အမတ်တစ်ဦးအဖြစ် ခရီးထွက်လာခြင်းသာဖြစ်ပါကြောင်း၊ မှာကြားပြောဆိုရန်မှာ သမ္မတ၏တာဝန်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ (အင်တာနက်)

ကယ်လီဖိုးနီးယားပြည်နယ် အလုပ်လက်မဲ့ နှုန်းမြင့်မား

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၀

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၏ ပြီးခဲ့သည့် ဇွန်လအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၆ဒသမ၉ ရာခိုင်နှုန်းရှိရာ ငါးနှစ်နီးပါးအတွင်း အမြင့်ဆုံး စံချိန်ဖြစ်သည်ဟု အမေရိကန်အလုပ်သမားစာရင်းအင်းအဖွဲ့က ဇူလိုင် ၂၀ရက်၌ ကြေညာသည်။

နောက်ဆုံးထုတ်စာရင်းအင်းများ အရ ကယ်လီဖိုးနီးယားနှင့် မစ္စစ္စပီပြည်နယ်တို့၏ အလုပ်လက်မဲ့နှုန်းတူညီနေကြပြီး ပြည်နယ်များအတွင်းတွင် တတိယအမြင့်ဆုံးနှုန်းဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ်၏ လွန်ခဲ့သည့်တစ်နှစ်က အလုပ်လက်မဲ့နှုန်းမှာ ၅ဒသမ၃ရာခိုင်နှုန်း ရှိခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဇင်ဘာဘွေ နိုင်ငံရေးပြဿနာဖြေရှင်းရန် သမ္မတအမ်ဘီကီနှင့် သံတမန်များကြိုးပမ်းမည်

ကိတ်တောင်း ဇူလိုင် ၂၀

ဇင်ဘာဘွေနိုင်ငံရေးအကျပ်အတည်းဖြေရှင်းရန် တောင်အာဖရိကသမ္မတ သာဘိုအမ်ဘီကီ၏ ကြိုးပမ်းမှုတွင် ထိပ်တန်းသံတမန်တစ်စုတို့ ပါဝင်ကူညီကြမည်ဖြစ်ကြောင်း ဇင်ဘာဘွေမီဒီယာများက ဇူလိုင်၁၉ရက်၌ ဖော်ပြသည်။

ပါဝင်

သံတမန်များတွင် ကုလသမဂ္ဂ၊ အာဖရိကသမဂ္ဂ(အေယူ)နှင့် တောင်ပိုင်းအာဖရိက ဖွံ့ဖြိုးရေးအဖွဲ့ (အက်စ်အေဒီစီ)တို့မှ သံတမန်များပါဝင်သည်။

ထိုအစီအစဉ်ကို မစ္စတာအမ်ဘီကီအား ဝေဖန်ပြောဆိုသူ ဇင်ဘာဘွေအတိုက်အခံခေါင်းဆောင် ရှန်ဂီရိုင်းက ကြိုဆိုလက်ခံသည်။ သမ္မတမူဂါဘီနှင့် အာဏာခွဲဝေယူရေးဆွေးနွေးပွဲသို့ဝင်ရေးကို မစ္စတာရှန်ဂီရိုင်းက လောလောဆယ်စဉ်းစားနေသည်ဟု ဆိုသည်။

ညှိနှိုင်း

ဇင်ဘာဘွေ အကျပ်အတည်းကို ငြိမ်းချမ်းစွာ စေ့စပ်ဖြေရှင်းရန် ထင်ရှားသော အာဖရိကတိုက်သား သံတမန်များသည် သမ္မတအမ်ဘီကီ၊ ဇင်ဘာဘွေ အတိုက်အခံပါတီများနှင့် ညှိနှိုင်းဆောင်ရွက်ကြမည်ဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး /လေ အခြေအနေ

ဟောင်ကောင် ဇူလိုင် ၂၀

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇူလိုင် ၂၀ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၀°C	မိုးရွာ
တောင်ကိုရီးယား	ဆိုးလ်	၃၀°C	တိမ်ထူထပ်
ဂျပန်	တိုကျို	၂၉°C	မိုးရွာ
ဖိလစ်ပိုင်	မနီလာ	၂၈°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟနွိုင်း	၃၃°C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၄°C	မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၁°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၀°C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၆°C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၂°C	မြူဆိုင်း
သြစတြေးလျ	ဆစ်ဒနီ	၂၀°C	သာယာ

(အင်တာနက်)

ဆင်းရဲသူများကို ပိုမိုကူညီထောက်ပံ့ရန် မင်ဒဲလားမေတ္တာရပ်ခံ

ကိတ်တောင်း ဇူလိုင် ၂၀

တောင်အာဖရိကနိုင်ငံမှ အသားရောင်ခွဲခြားရေးဝါဒကို အဆုံးသတ်စေသူနှင့် တောင်အာဖရိကနိုင်ငံ၏ ပထမဆုံး လူမည်းသမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သူ နယ်လ်ဆင်မင်ဒဲလားသည် သူနေထိုင်ရာ ကျေးရွာနေအိမ်၌ အသက် ၉၀ပြည့် မွေးနေ့ အခမ်းအနားကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

ဆင်းရဲမွဲတေလျှင် အသက်ရှည်ရှည် လူ့သက်တမ်းစေ့ နေထိုင်ရန် မလွယ်ကူကြောင်း၊ ထို့ကြောင့် ဆင်းရဲသောသူများအတွက် ချမ်းသာသည့် နိုင်ငံများက ပိုမိုကူညီထောက်ပံ့ကြရန် မေတ္တာရပ်ခံကြောင်း မင်ဒဲလားက ပန်ကြားလိုက်သည်။

(အင်တာနက်)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၀-၇-၂၀၀၈

ပေကျင်းအိုလံပစ်သို့ ကျူးဘားအားကစားသမား ၁၆၅ဦး ပါဝင်ယှဉ်ပြိုင်မည်

ဟာဗားနား ဇူလိုင် ၂၀

တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် ကျင်းပမည့် ပေကျင်းအိုလံပစ်ပွဲတော်သို့ ကျူးဘားအားကစားသမား ၁၆၅ဦး စေလွှတ်မည်ဖြစ်ကြောင်း၊ ယင်းတို့တွင် အမျိုးသမီး ၄၈ ဦး၊ အမျိုးသား ၁၁၇ ဦးတို့ပါဝင်ကာ အားကစားနည်း ၁၆မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဘရာဇီးသမ္မတ ကိုလံဘီယာသို့ ချစ်ကြည်ရေးခရီးသွားရောက်

ဘိုဂိုတာ ဇူလိုင် ၂၀

ဘရာဇီးသမ္မတလူလာဒါဆီလ်ဗားသည် နှစ်ရက်ကြာ ချစ်ကြည်ရေးခရီးအဖြစ် ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့သို့ ဇူလိုင် ၁၉ရက်က ရောက်ရှိလာသည်။ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် နယ်စပ်လုံခြုံရေးကိစ္စရပ်များကို နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်။

ကရာချိ၌ ဘတ်စ်ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

အစ္စလမ္မာဘတ် ဇူလိုင် ၂၀

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့တွင် ဇူလိုင် ၁၉ရက်က ဘတ်စ်ကားနှစ်စီး မျက်နှာချင်းဆိုင် တိုက်မိခဲ့ရာ ၁၀ဦး သေဆုံးခဲ့ကြောင်း၊ ကားနှစ်စီးလုံးမှာ ပျက်စီးသွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ပေးခဲ့ပြီး အချို့မှာ အခြေအနေစိုးရိမ်ရကြောင်း သိရသည်။

ပြင်သစ်၌ ဆင်းရဲသားဦးရေ ၇ဒသမ၉သန်းရှိနေ

ပါရီ ဇူလိုင် ၂၀

ပြင်သစ်နိုင်ငံ၌ ၂၀၀၆ခုနှစ် အတွင်း ဆင်းရဲသားဦးရေ ၇ ဒသမ ၉ သန်းရှိလာခဲ့ကြောင်း၊ ယင်းမှာ နိုင်ငံလူဦးရေ၏ ၁၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ပြင်သစ်အမျိုးသား စာရင်းအင်းနှင့် စီးပွားရေးလေ့လာမှုဌာနက ဇူလိုင် ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

ဘိုလီးဗီးယားမြောက်ပိုင်း၌ စစ်ဘက်လေယာဉ်ပျက်ကျ

လီမာ ဇူလိုင် ၂၀

ဘိုလီးဗီးယားနိုင်ငံမြောက်ပိုင်း ပန်ဒိုပြည်နယ်၌ ဘိုလီးဗီးယားလေတပ်ပိုင် လေယာဉ်ငယ်တစ်စင်း ဇူလိုင် ၁၉ ရက်က ပျက်ကျမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားခဲ့သည်။ လေယာဉ်ငယ်မှာ လေပြင်းများတိုက်ခတ်မှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများတွင် နှစ်ဦးမှာ ဘိုလီးဗီးယား စစ်ဘက်အရာရှိများဖြစ်ကြောင်း သိရသည်။

အာဖဂန်၌ သေနတ်သမားများပစ်ခတ်မှု နှစ်ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းဒေသရှိ တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဇူလိုင် ၁၉ရက်က သေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် တူရကီနိုင်ငံသားအင်ဂျင်နီယာနှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်၌ စစ်သွေးကြွများ အကြမ်းဖက်တိုက်ခိုက်

အစ္စလမ္မာဘတ် ဇူလိုင် ၂၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဟန်ဂူဒေသ၌ ဇူလိုင် ၁၉ရက်က တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ၁၀ဦးသေဆုံးပြီး ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိသည်။ အဆိုပါဒေသသည် တာလီဘန်အကြမ်းဖက်သမားများ ခိုအောင်းရာအရပ်ဒေသဖြစ်သည်။

ကားဗုံးဖောက်ခွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။

(ယင်းဗုံးခွဲတိုက်ခိုက်မှု၌ အီရတ်ပြည်သူခြောက်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်)

(အင်တာနက်ဓာတ်ပုံ)

ဘီလာရုစ်သမ္မတနိုင်ငံ၏အတိတ်သမိုင်းကြောင်း ....

သတင်းအက်ဆေး

ဘီလာရုစ်သမ္မတနိုင်ငံသည် အရှေ့ဥရောပဒေသတွင်တည်ရှိသည်။ ဤနိုင်ငံ၏ လက်ရှိနယ်နိမိတ်ကို ဒုတိယကမ္ဘာစစ်ကြီး၏ ဝရုန်းသုန်းကားအခြေအနေအတွင်း သတ်မှတ်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုဝင် ဆိုဗီယက်သမ္မတနိုင်ငံဟောင်းဖြစ်သည်။ ဤနိုင်ငံကို နာဇီတို့က ၁၉၄၁ခုနှစ်မှ ၁၉၄၄ခုနှစ်အထိ သိမ်းပိုက်ခဲ့သည်။ ထိုစဉ်က ဂျူးလူမျိုးအများစု ပါဝင်သည့် ပြည်သူ ၂ဒသမ၂သန်း အသက်ဆုံးရှုံးခဲ့ရသည်။ ဤနိုင်ငံအနောက်ပိုင်းတွင် ပိုလန်လူမျိုး ၄၀၀၀၀၀ခန့် အခြေချနေထိုင်လျက်ရှိသည်။

ကြေညာ

၁၉၁၈ခုနှစ် ပထမကမ္ဘာစစ်ကြီးပြီးခါနီးတွင် ဘီလာရုစ်နိုင်ငံက ဘီလာရုပ်ရှင်း အမျိုးသားသမ္မတနိုင်ငံအဖြစ် လွတ်လပ်ရေးကြေညာသည်။ သို့သော် မကြာလိုက်ပါချေ။ ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသောအခါ တပ်နီတော်များ ဝင်ရောက်လာပြီးနောက် လွတ်လပ်ရေးအိပ်မက် အဆုံးသတ်သွားရသည်။ ၁၉၁၉ခုနှစ်တွင် ဘီလာရုပ်ရှင်းဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံအဖြစ် ကြေညာသည်။ ၁၉၂၂ခုနှစ်တွင် ဘီလာရုပ်ရှင်း ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စု(ယူအက်စ်အက်စ်အာရ်)ကို မူလ တူထောင်သည့်နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ၁၉၃၀ပြည့်လွန်နှစ်များတွင် စတာလစ်၏ အမိန့်ဖြင့် ဘီလာရုစ်မှ ပြည်သူတစ်သိန်းကျော်အား ကွပ်မျက်ခံရပြီး ထောင်ပေါင်းများစွာသည် ဆိုက်ဘေးရီးယားသို့ နယ်နှင်ဒဏ်ခံခဲ့ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၁ခုနှစ်တွင် နာဇီဂျာမနီက ကျူးကျော်သည်။ ဂျူးများအပါအဝင် လူတစ်သန်းကျော် အသတ်ခံရသည်။ မြို့တော်မင့်က်စ်လည်း အကြီးအကျယ်ပျက်စီးသွားခဲ့သည်။ ၁၉၄၄ခုနှစ်တွင် နာဇီတို့ကို တပ်နီတော်က တိုက်ထုတ်ခဲ့သည်။

ဖွဲ့စည်း

၁၉၄၅ခုနှစ် စစ်ပြီးချိန်တွင် ပိုလန်နိုင်ငံက ယခင်ပိုင်ဆိုင်ခဲ့သော ဘီလာရုစ်အနောက်ပိုင်းကို ဆိုဗီယက်သမ္မတနိုင်ငံအတွင်း ပေါင်းလိုက်သည်။ ၁၉၈၈ခုနှစ်တွင် ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့ဗ်၏ ပွင့်လင်းရေးဝါဒကြောင့် အမျိုးသားရေးလက္ခဏာအဖြစ် ဘီလာရုပ်ရှင်းပြည်သူ့တပ်ဦးကို ဖွဲ့စည်းသည်။ ၁၉၉၀ပြည့်နှစ်တွင် ဘီလာရုပ်ရှင်းကို ရုံးသုံးဘာသာအဖြစ် ပြဋ္ဌာန်းခဲ့သည်။

၁၉၉၁ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲပျက်စီးသည့်အခါ ဤနိုင်ငံက လွတ်လပ်ရေးကြေညာသည်။ မင့်က်စ်မြို့မှာလည်း လွတ်လပ်သောနိုင်ငံများ၏ နေသဟာယအဖွဲ့ (စီအိုင်အက်စ်)၏ ဌာနချုပ်ဖြစ်လာသည်။

ရွေးချယ်တင်မြှောက်

၁၉၉၄ခုနှစ်တွင် အလက်ဇန္ဒားလူကာရှင်ကို သမ္မတဖြစ်လာခဲ့သည်။ ၂၀၀၁ခုနှစ် စက်တင်ဘာလရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရသည်။ ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် သမ္မတသက်တမ်း နှစ်ကြိမ်ထက် ပိုတာဝန်ထမ်းခွင့်ပြုရန် ပြည်သူ့ဆန္ဒခံယူပွဲက ထောက်ခံသည်။ ၂၀၀၆ခုနှစ် မတ်လသမ္မတရွေးကောက်ပွဲတွင် သမ္မတလူကာရှင်ကို မဲအပြတ်အသတ်ဖြင့် ရွေးချယ်တင်မြှောက်ခံရပြန်သည်။

ဗီဇာပိတ်ပင်

၂၀၀၆ခုနှစ် ဧပြီလတွင် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သမ္မတလူကာရှင်ကိုနှင့် ဝန်ကြီးများအား အီးယူက ဗီဇာပိတ်ပင်အရေးယူသည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီတွင် ရုရှားက ရေနံဖြန့်ဖြူးမှု ဖြတ်တောက်သည်။

၂၀၀၇ခုနှစ် မတ်လတွင် သမ္မတလူကာရှင်ကို အုပ်ချုပ်မှုအဆုံးသတ်ရေး ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များ မြို့တော်မင့်က်စ်တွင် အဓိကရုဏ်းဖြစ်ပွားသည်။

၂၀၀၇ခုနှစ် အောက်တိုဘာလတွင် ဘီလာရုစ်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်များ ဖြည့်ဆည်းရန် နျူကလီးယားဓာတ်အားစက်ရုံ တည်ဆောက်ရမည်ဟု သမ္မတလူကာရှင်ကိုက ကြေညာသည်။

ကျဆင်း

ဆိုဗီယက်ခေတ်က ဤနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုအတွင်း၌ အချမ်းသာဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် စီးပွားရေးကျဆင်းလာသည်။ ပုဂ္ဂလိကပိုင် စီးပွားရေးမရှိတော့လောက်အောင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက လက်ရှောင်သွားကြသည်ကိုတွေ့ရသည်။ စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းပေးရန် ရုရှားအပေါ် မှီခိုနေရဆဲဖြစ်သည်။

မည်သို့ပင် ခက်ခဲသည်ဖြစ်စေ နိုင်ငံတော်တည်ငြိမ်ရေးကိုမူ ထိန်းချုပ်ထားရမည်ဟု သမ္မတလူကာရှင်ကိုက အခိုင်အမာရပ်တည် စွဲကိုင်ထားသည်။

ကိုးကား-အင်တာနက်

တိုး - ရေးသားသည်

ဘီလာရုစ်သမ္မတနိုင်ငံသည် အရှေ့ဥရောပဒေသတွင်တည်ရှိ၊ ဤနိုင်ငံ၏ လက်ရှိ နယ်နိမိတ်ကို ဒုတိယကမ္ဘာစစ်ကြီး၏ ဝရုန်းသုန်းကား အခြေအနေအတွင်းသတ်မှတ်ခဲ့၊ ဆိုဗီယက်ပြည်ထောင်စုဝင် ဆိုဗီယက်သမ္မတနိုင်ငံဟောင်းဖြစ်။

အင်တာနက် ကျန်းမာရေး

မိခင်နို့ရည် တိုက်ကျွေးခြင်းဖြင့် ရင်သွေးငယ်များ ဉာဏ်ရည်ထက်မြက်နိုင်

မိခင်၏ နို့ရည် **(အပေါ်ပုံ)**သည် ကလေးငယ်တို့၏ ဦးနှောက်ဉာဏ်ရည် ဖွံ့ဖြိုးထက်မြက်မှုကို အကောင်းဆုံးအထောက်အပံ့ပေးသည့်အရာဖြစ်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ဇူလိုင်၁၉ရက်တွင် ပြောကြားသည်။

ဇီဝဖြစ်စဉ်

ရင်သွေးငယ်များကို နို့ချိုတိုက်ကျွေးချိန်တွင် မိခင်၏ ဦးနှောက်အတွင်းရှိ နှာဗ်ဆဲလ်များလှုပ်ရှားနေပြီး ဇီဝဖြစ်စဉ်ပြောင်းလဲမှုများ ဖြစ်ပေါ်နေတတ်ကြောင်း၊ ၎င်းဇီဝဖြစ်စဉ်ပြောင်းလဲမှုများ ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့လျက်ရှိနေသဖြင့် ရင်သွေးငယ်၏ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုကို ကြီးမားစွာ အထောက်အကူပြုစေကြောင်း ဗြိတိသျှ သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြသည်။

ဉာဏ်ရည်ထက်

အသက် ၁၀နှစ်အရွယ် ကလေးငယ် ၁၀၀၀၀ကို ငါးနှစ်ကြာသုတေသနပြုခဲ့ရာ ဉာဏ်ရည်ထက်မြက်သော ကလေးများ၏ ၉၀ရာခိုင်နှုန်းမှာ မိခင်နို့ရည်ကို တိုက်ရိုက်နို့စို့သောက်သုံးခဲ့ရသူများဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

လောင်းမတ်-၂ အက်ဖ် တရုတ်မှလွှတ်တင်မည်

ပေကျင်း ဇူလိုင် ၂၀

တရုတ်နိုင်ငံ ဂန်စုပြည်နယ်အနောက်မြောက်ပိုင်း ကျူကွမ်ဒုံးပျံလွှတ်တင်ရေးစခန်းမှ လောင်းမတ်-၂အက်ဖ် ဒုံးပျံ **(ယာပုံ)**ကို မကြာမီရက်ပိုင်းအတွင်း အာကာသသို့ လွှတ်တင်မည်ဖြစ်ကြောင်း တရုတ်အာကာသဒုံးပျံလွှတ်တင်ရေးဌာနက ဇူလိုင်၁၉ရက်တွင် ပြောကြားသည်။

အနီရောင်ခြယ်သထား

အဆိုပါ လောင်းမတ်-၂အက်ဖ် ဒုံးပျံသည် ဆက်သွယ်ရေးဂြိုဟ်တုတစ်ခုကို အာကာသသို့ သယ်ဆောင်သွားမည်ဖြစ်သည်။ လောင်းမတ်-၂အက်ဖ် ဒုံးပျံ၏ ကိုယ်ထည်တစ်ခုလုံးကို အနီရောင်ခြယ်သထားပြီး ယခုအခါ အာကာသသို့ လွှတ်တင်ရန် ရာနှုန်းပြည့် အသင့်ဖြစ်နေပြီဖြစ်ကြောင်း တရုတ်အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

အသင့်အနေထား

လောင်းမတ်-၂အက်ဖ် ဒုံးပျံယာဉ်ဖြင့် အာကာသသို့သယ်ဆောင်သွားမည့် ဆက်သွယ်ရေးဂြိုဟ်တုသည် ဒေသတွင်း ဆက်သွယ်ရေးလုပ်ငန်းများကို ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရန် ကူညီပေးသွားမည်ဖြစ်သည်။ ယခုအခါ လောင်းမတ်-၂အက်ဖ် ဒုံးပျံကို အာကာသဒုံးပျံလွှတ်စင်၌ လွှတ်တင်ရန် အသင့်အနေအထားတပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အာကာသသိပ္ပံ

ဘဝဒဿနအမြင်

* ***The measure of a man's life is the well-spending of it, and not the length.***

လူတစ်ယောက်၏ ဘဝကိုတိုင်းတာရာ၌ နှစ်ပေါင်းကြာရှည်စွာ အသက်ရှင်နေထိုင်ရခြင်းဖြင့် မတိုင်းတာဘဲ ဘဝ၏အချိန်များကို အကျိုးရှိစွာ ကုန်လွန်ခြင်းဖြင့်သာ တိုင်းတာသင့်သည်။

ပလူးတပ်
ဂရိလူမျိုး အတ္ထုပ္ပတ္တိရေးဆရာ။

* ***Wed lock is a pad lock.***

အိမ်ထောင်ပြုခြင်းသည် သော့ခလောက်တစ်ခုနှင့်တူသည်။

ဂျိုးဇက်ပရက်စလေ
အင်္ဂလိပ်လူမျိုးဘာသာရေးသမားနှင့် အတွေးအခေါ်ပညာရှင်။

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဂျီနီဗာ နျူကလီးယားဆွေးနွေးပွဲ အမေရိကန် တက်ရောက်မှု အီရန်ကြိုဆို

ဒမတ်စကတ် ဇူလိုင် ၂၀

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ဆိုင်ရာ ဆွေးနွေးပွဲတွင် အမေရိကန်ကိုယ်စားလှယ် တက်ရောက်ခြင်းကိုကြိုဆိုကြောင်း ဇူလိုင် ၁၉ရက်တွင် ဆီးရီးယားနိုင်ငံရောက် အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ပြောကြားသည်။

ကြိုဆို

အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ဆီးရီးယားသမ္မတ အယ်အာဆတ်နှင့်တွေ့ဆုံအပြီး ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်မူကင်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားကြိုဆိုလိုက်ခြင်း ဖြစ်သည်။

ကြေညာ

ဂျီနီဗာ၌ ဇူလိုင်၁၉ရက်က ပြုလုပ်သည့် အီးယူနိုင်ငံခြားရေးရာအကြီးအကဲ ဟာဗီးယားဆိုလာနာနှင့် အီရန်နျူကလီးယားစေ့စပ်ရေးမှူး ဂျာပီလီတို့ ဆွေးနွေးပွဲသို့ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဘန်းတက်ရောက်ခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနက ဇူလိုင် ၂၀ရက်၌ ကြေညာသည်။

ယင်းသို့ တက်ရောက်ခြင်းဖြင့် အမေရိကန်သည် တိုက်ရိုက်နားထောင်ခွင့်ရပြီး အပြုသဘောတိုးတက်မှုရရှိနိုင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

တူလိုက်တာနော် ....

ဘောလုံးပွဲများ ကြည့်လွန်းသဖြင့် ဇနီးဖြစ်သူနှင့် စိတ်အခန့်မသင့်ဖြစ်နေသည့် ခင်ပွန်းဖြစ်သူသည် ဇနီးဖြစ်သူ မီးဖွားကြောင်း တယ်လီဖုန်းဝင်လာသဖြင့် ဆေးရုံသို့ အမြန်လိုက်သွားခဲ့သည်။

ခင်ပွန်း ။ ။ စိုးရိမ်လိုက်တာ၊ နေကောင်းရဲ့လား။
ဇနီး ။ ။ ကောင်းပါတယ်။
ခင်ပွန်း ။ ။ သားလေးဆိုတော့ ဝမ်းသာလိုက်တာကွာ။
ဇနီး ။ ။ ဟုတ်တယ်။
ခင်ပွန်း ။ ။ ကလေးလည်း ကျန်းမာတယ်လို့ ဆရာဝန်တွေပြောတယ် မဟုတ်လား။
ဇနီး ။ ။ ကျန်းမာတယ်... ဘာရောဂါမှမရှိဘူးတဲ့၊ သားလေးကိုကြည့်စမ်း... ဘယ်သူနဲ့တူလဲ။
ခင်ပွန်း ။ ။ စီရိုနယ်ဒိုနဲ့ တစ်ပုံစံတည်းပဲနော်။
ဇနီး ။ ။ "ဘာ"

မြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်၉နာရီခွဲတွင် နေပြည်တော်တပ်ကုန်း ဆရာစံရပ်ကွက်ရှိ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ အမှူး ပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဇနီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် လက်ထောက်ဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေ မန်နေဂျာများ၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာ တော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။

အမျှပေးဝေ

ယင်းနောက် ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံမှ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အမှူးပြုသော ပရိသတ်များက သာဓုအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနား အပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ရေစက်သွန်းချအမျှပေးဝေ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှူးပြုသော ပရိသတ်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အရှင်ဆေကိန္ဒ ဝါတွင်းအထူးတရားပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံ၊ ဂေါပကအဖွဲ့၏ စီစဉ်မှုဖြင့် ဓမ္မဒူတ အရှင်ဆေကိန္ဒ၏ ဝါတွင်းအထူးတရားပွဲကို အဆိုပါ ဓမ္မိကဓမ္မာရုံကြီး၌ ဇူလိုင် ၂၁ရက် (တနင်္လာနေ့) ည ၇နာရီတွင် ကျင်းပမည်ဖြစ်ရာ တရားပွဲဖြစ်မြောက်ရေးအတွက် အလှူရှင် ရဲမှူးချုပ်စိုးမြင့်ထွန်း(ငြိမ်း)-ဒေါ်မျိုးသွယ်မိသားစုက ကူညီပံ့ပိုးပြီး ဆရာတော်၏ တရားနာပရိသတ်အပေါင်း နာကြားနိုင်စေရန် ဖိတ်ကြားနိူးဆော်ထားသည်။ (က-ပ)

အထူးသင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တဝိမလဗုဒ္ဓိ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ကြီး၏သြဝါဒကိုခံယူ၍ပြည်တွင်း ပြည်ပ သာသနာပြုဓမ္မကထိက မိုးကုတ်ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်ကြီး၏ နာယကနှင့် ကမ္မဋ္ဌာနာစရိယ အောင်စကြာ အရှင်စန္ဒသိရီ (ဓမ္မာစရိယ) ကိုယ်တိုင် ပဋ္ဌိစ္စသမုပ္ပါဒ်အထူးသင်တန်းကို အခြေခံ မှစ၍ ပို့ချပေးမည်ဖြစ်ရာ ဓမ္မကထိက ဖြစ်လိုသော သံဃာတော်များနှင့် ယောဂီများသည် ဝါဆိုလပြည့်ကျော် ၁ရက်မှ ၅ရက် (ဇူလိုင် ၁၈ရက်မှ၂၂ရက်)၊ ဝါခေါင်လဆန်း ၁ရက်မှ ၅ရက် (ဩဂုတ် ၂ရက်မှ ၆ရက်)၊ ဝါခေါင်လပြည့်ကျော် ၁ရက်မှ ၄ရက် (ဩဂုတ်၁၇ရက်မှ ၂၀ရက်)၊ တော်သလင်းလဆန်း ၁ရက် မှ ၅ရက် (ဩဂုတ်၃၁ရက်မှ စက်တင်ဘာ ၄ရက်)၊ တော်သလင်းလပြည့်ကျော်၁ရက်မှ ၅ရက် (စက်တင်ဘာ၁၅ရက်မှ၁၉ရက်)၊ သီတင်းကျွတ်လဆန်း၁ရက်မှ ၅ရက်(စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ ၄ရက်)များတွင် မွန်းလွဲ၁နာရီမှ ၂နာရီအထိ တက်ရောက် သင်ကြားနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၇၀၂၈၊ ၀၉-၅၁-၄၇၃၈၂နှင့် ၀၉-၈၀-၃၁၃၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာ့အလင်း မိုးလေဝသ သတင်း

သန်းသန်းန ကိုးကားတင်ပြသည်

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

ရန်ကုန် ဇူလိုင် ၂၀

ဇူလိုင်၁၉ရက်က ကမ္ဘာ့နိုင်ငံများ၏ သဘာဝရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက အမေရိကန်နိုင်ငံတောင်ပိုင်း ဝစ္စကွန် ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ခဲ့ရသည်။ တရုတ်(တိုင်ပေ) မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်မှု ဖြစ်ပေါ်ပြီး မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးခြင်း၊ ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်ခဲ့သည်။

ဇူလိုင်၂၀ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကိုကြည့်လျှင် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာသွန်းခဲ့ပြီး ပဲခူးတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာခဲ့ပြီး ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာသွန်းခဲ့သည်။

ဇူလိုင်၂၁ရက် **(ယနေ့)** ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာသွန်းနိုင်ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာသွန်းမည်ဖြစ်သည်။ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည် ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဇူလိုင် ၂၁ရက် **(ယနေ့)** နေပြည်တော်နှင့်အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

လှိုင်းအသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

ဇူလိုင်၂၀ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ-

ညောင်လေးပင်	၄ ဒသမ ၇၂ လက်မ
မောင်တော	၂ ဒသမ ၇၂ လက်မ
ရွှေကျင်	၂ ဒသမ ၆၈ လက်မ
ပူတာအို	၂ ဒသမ ၅၆ လက်မ
မြိတ်	၂ ဒသမ ၁၂ လက်မ

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

လေဘေးသင့်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေး

ရန်ကုန် ဇူလိုင် ၂၀

လေဘေးဒဏ်ကြောင့် ပျက်စီးပျောက်ဆုံးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အခမဲ့ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်

မေလဆန်းပိုင်းက တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်း ခရိုင်များအနက် တောင်ပိုင်းခရိုင်၌ လေဘေးဒဏ်ကို အများဆုံးခံစားခဲ့ရသည်။ ယင်းကဲ့သို့ မုန်တိုင်းတိုက်ခတ်စဉ်ကာလက ပျောက်ဆုံးပျက်စီးခဲ့ကြသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ပြန်လည်ထုတ်ပေးနိုင်ရန်အတွက် ရန်ကုန်တိုင်း လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ရန်ကုန် တိုင်းအတွင်းရှိ မုန်တိုင်းဒဏ်ခံ ဧရိယာဒေသများသို့ ကွင်းဆင်းကာ စာရင်းပြုစုခဲ့ပြီး ပျက်စီးပျောက်ဆုံးခဲ့ရသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၀၀၀ ခန့်ကို အခမဲ့ ကွင်းဆင်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ (က-ပ)

ဒိုက်ဦးမြို့၌ ရေပြွန်တံတားတည်ဆောက်

ဒိုက်ဦး ဇူလိုင် ၂၀

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် အမှတ်(၆) ရပ်ကွက် ရုံးလမ်းတွင် ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဇွန်၁၂ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးအေးမင်း၊ အင်ဂျင်နီယာမှူးဒေါ်ခင်သီတာတို့ကွင်းဆင်းစစ်ဆေးရာ အဖွဲ့ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းက ရှင်းလင်းတင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ဖလမ်းမြို့၌ သစ်ပင်စိုက်ပွဲတော်ကျင်းပ

ဖလမ်းခရိုင် ဖလမ်းမြို့ သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၂၈ရက် နံနက် ၇နာရီက ဖလမ်းမြို့ တလန်လိုရပ်ကွက် တစ်မိုင်ဘုန်းကြီးကျောင်းပတ်ဝန်းကျင်တွင် ကျင်းပရာ ချယ်ရီပင် ၁၀၀၊ မက်ခေါက် ၁၂၀၊ ထင်းရှူး ၁၃၀၊ ထောပတ် ၃၀၀တို့ကို လူအင်အား ၁၆၅ဦးဖြင့်လည်းကောင်း၊ လက်ဖက်စိုက်ပွဲတော်ကို နံနက် ၈နာရီတွင် တောင်ဇလပ်ရိပ်သာနှင့် ဆေးရုံပတ်ဝန်းကျင်၌ကျင်းပရာ အပင် ၇၀၀ကို လူအင်အား ၃၀၀ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး အလုပ်ရုံဆွေးနွေး

ယူနီဆက်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မကွေးတိုင်း ပခုက္ကူမြို့နယ်၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပေးမှု လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဇူလိုင် ၁၆ရက် နံနက် ၈နာရီခွဲက ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။ (၀၇၀)

ဒီပဲယင်းဆေးရုံဝန်းကျင်၌ သန့်ရှင်းရေးဆောင်ရွက်

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ မြို့နယ်ပြည်သူ့ဆေးရုံရှေ့ ရေဦး-မုံရွာလမ်းဘေးတွင် ပေါင်းမြက်ရှင်းခြင်းလုပ်ငန်းကို ဇွန် ၇ရက် နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးပြီး စည်ပင်သာယာဝန်ထမ်းများက ရောင်စုံအုတ်များဖြင့် ပန်းအလှပင်များ ဖန်တီးပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများက ပေါင်းမြက်များ ရှင်းလင်းပေးသည်။

(မြို့နယ် ပြန်/ဆက်)

ရေဦး၌ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ချင်းပြည်နယ် ရေဇွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးလှိုင်ဦး၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများသည် ဇူလိုင်၁၇ရက်က လမ်းမတော်လမ်းနှင့် မြို့ပတ်လမ်းဝဲယာ ရေမြောင်းများ မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်ရေးအတွက် ချုံနွယ်များ ရှင်းလင်းခြင်း၊ နုန်းများဆယ်ယူခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

နွားထိုးကြီး၌ မိုးစပါးစိုက်ပျိုးရေး ကွင်းဆင်း

နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးမြအောင်နှင့်အဖွဲ့သည် ဇွန် ၁၂ ရက်က သရက်ကန်ရွာအနီးအောက်ကန်ကြီးကန် တာပေါင်နှင့် ရေထုတ်ပြွန်များပြုပြင်ရန်နှင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန် ကွင်းဆင်းကြည့်ရှုကြောင်းသိရသည်။ (၀၉၂)

ဆီဆိုင်မြို့တွင် ဝမ်းရောဂါကြိုတင်ကာကွယ်

ဆီဆိုင်မြို့ မြို့မစည်ပင်သာယာဈေးအတွင်း စားသောက်ဖွယ်ရာများရောင်းချနေသောဆိုင်များအား မိုးရာသီကာလအတွင်း ဝမ်းရောဂါမဖြစ်ပွားစေရန်ကြိုတင်ကာကွယ်မှုများအဖြစ် သန့်ရှင်းသော စားသောက်ဖွယ်ရာများ ရောင်းချသွားရန်အတွက် မြို့နယ်ဆရာဝန်ကြီး၊လူမှုရေးအသင်းအဖွဲ့များနှင့် အမှုဆောင်အရာရှိ ဦးခင်မောင်ခတို့ ဇွန်၂၀ရက်က ကြပ်မတ် စစ်ဆေးကြသည်။ *(မြို့နယ်စည်ပင်)*

ကောလင်းတွင်လမ်းခင်းရန် ကျောက်စုဆောင်း

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြနှင့် ကျေးလက်လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေး အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသော ကျေးလက်လမ်းလုပ်ငန်းများအနက် ကောလင်း-ဥက္ကံကျေးရွာ ဆက်သွယ်သော မြို့ပြနှင့် ကျေးလက်ချင်းဆက်လမ်းအရှည် တစ်မိုင်လေးဖာလုံကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအတွက် လိုအပ်သော ကျောက်စုဆောင်း ထားရှိမှုအခြေအနေကို ဇွန် ၂၀ ရက်က ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (၀၃၂)

ဖားကန့်မြို့နယ် ကျေးလက်ရေပေးရေးဆောင်ရွက်

ဖားကန့်မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်ထားသော တာမခံကျေးရွာ ရေပေးရေးလုပ်ငန်းမှရေစုကန်၊ ရေစစ်ကန်များတွင် ရေရရှိမှုအခြေအနေနှင့် ရေပိုက်လိုင်းများတစ်လျှောက် သန့်ရှင်းသော ရေရရှိမှုအခြေအနေများကို ဇွန် ၂၆ရက်က တာဝန်ခံအင်ဂျင်နီယာဦးဇင်မင်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဦးကျော်လွင်ထွန်းက ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကိုယ်ဝန်ဆောင်မိခင်များကျန်းမာရေး ရေဦး၌ပညာပေး

ရေဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန ဆိုင်ရာများနှင့်ပူးပေါင်း၍ ကိုယ်ဝန်ဆောင် မိခင်များ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ၊ ဆေးဝါးနှင့် အာဟာရများ ထောက်ပံ့ပွဲ အခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၁၁နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးက ကိုယ်ဝန်ဆောင်များ စနစ်တကျစောင့်ရှောက်မှုခံယူရန်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်သန်းမြင့်က မိခင်နှင့်ကလေး သေဆုံးမှုနှုန်း ကျဆင်းရေးအကြောင်း၊ ဒေါက်တာသီသီခိုင်က ကိုယ်ဝန်ဆောင် မိခင်များမှ မွေးကင်းစကလေးများအား နို့ဦးရည် စနစ်တကျတိုက်ကျွေးရေးအကြောင်း အသိပညာပေးဟောပြောကြပြီး ကိုယ်ဝန်ဆောင်မိခင် ၁၈ဦးအား သံဓာတ်အားတိုးဆေးနှင့် ကြက်ဥများ ဝေငှပေးခဲ့သည်။

(မြို့နယ် မိခင်/ကလေး)

ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးတိုင်းကြီးတစ်တိုင်းဖြစ် စိုက်ပျိုးရေးလုပ်ငန်း အချိန်မီဆောင်ရွက်နိုင်ရေး စက်ယန္တရားများထိရောက်စွာအသုံးချ

နေပြည်တော် ဇူလိုင် ၂၀

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် ပုသိမ်မြို့ ပန်းခြံဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာလာရာ ဇူလိုင် ၁၆ရက် နံနက် ၈နာရီခွဲက ငပုတောမြို့နယ်သို့ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ရွှေမြင်တင်စေတီတော်မြတ်ကြီးအားဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်ကိုကိုသည် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဟိုင်းကြီးကျွန်း တိုက်နယ်(၁၆)ခုတင်ဆံ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

တိုးချဲ့လုပ်ကိုင်

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ ဗိုလ်ချုပ်ကိုကိုက ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးတိုင်းကြီး တစ်တိုင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် စွမ်းအားပြည့်ထိရောက်စွာ အသုံးချဆောင်ရွက်ရန် လိုကြောင်း၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုများကို ယခင်ကထက် တိုးချဲ့လုပ်ကိုင်စေလိုကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် မြို့တွင်းကတ္တရာလမ်းများ ခင်းကျင်းထားမှုတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

အားပေးစကားပြောကြား

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ကျုံကူးကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဗိုလ်ချုပ်ကိုကိုသည် ဆေးရုံ၌ ဆေးဝါးတက်ရောက်ကုသခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံ၏ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန် ခန်းနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တိုက်နယ်ဆရာဝန် ဒေါက်တာထင်လင်းက လိုက်လံရှင်းလင်း တင်ပြသည်။

အဆိုပါ တိုက်နယ်ဆေးရုံကို ၂၀၀၇ ခုနှစ် ဇူလိုင်၁၁ရက်တွင် ဖွင့်လှစ်ခဲ့ပြီး (၁၆)ခုတင်ဆံ့ဆေးရုံဖြစ်သည်။ ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျုံကူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်ပြီး ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားမှုအခြေအနေနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေတို့ကိုလှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိပြီး ဟိုင်းကြီးကျွန်းမြို့ ပြန်လည်ပြုပြင်တည်ဆောက်ထားရှိမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက်ဗိုလ်ချုပ်ကိုကိုသည် ဟိုင်းကြီးကျွန်းတိုက်နယ် (၁၆)ခုတင်ဆံ့ဆေးရုံ၌ ဆေးဝါးကုသခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများကိုပေးအပ်ပြီး လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပမ္မဝတီဧည့်ရိပ်သာ ခန်းမ၌ ဟိုင်းကြီးကျွန်းမြို့မှဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကြရာ တာဝန်ရှိသူများက ဟိုင်းကြီးကျွန်းမြို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေးနှင့်ကျေးလက်ဒေသလုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဟိုင်းကြီးကျွန်းတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းက ဟိုင်းကြီးကျွန်းဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ထောက်ပံ့ရေး ပစ္စည်းများ ဖြန့်ဝေပေးမှုအခြေအနေ၊ နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင် ပြည်သူများ၏ ကူညီပံ့ပိုးမှုများဖြင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးကလိုအပ်သည်များကို ဖြည့်စွက်တင်ပြသည်။

ယင်းနောက်ဗိုလ်ချုပ်ကိုကိုကဟိုင်းကြီးကျွန်းဒေသသည် နိုင်ငံတော်၏ ဦးဆောင်မှု၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့မှုတို့ကြောင့် ယခုအခါမူလကဲ့သို့ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသ၏ စီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများ ရွှေတောင်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၌ ဆုချီးမြှင့်

ရွှေတောင် ဇူလိုင် ၁၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးမှ ချီးမြှင့်သော ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် အခြေခံပညာ သူငယ်တန်းမှ နဝမတန်းအထိ အတန်းလိုက်ထူးချွန်စွာ

အောင်မြင်ခဲ့ကြသော ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ ကြံခင်းဘိလပ်မြေစက်ရုံ၊ သရက် ဘိလပ်မြေစက်ရုံ၊ မြစန္ဒာအချိုရည်နှင့် ရေခဲစက်(ပြည်)၊ စက်မှုကုန်ကြမ်း စက်ရုံ (ပြည်)မှ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၄ရက် မွန်းတည့်၁၂နာရီက ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံရှိ ဝိဇယ-မင်္ဂလာ ခမ္ဘာရုံကြီး၌ ကျင်းပရာ ဝန်ကြီးကိုယ်စား မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင် တက်ရောက်အမှာစကားပြောကြား၍ ဆုများချီးမြှင့်သည်။

ဆုများချီးမြှင့်

ရှေးဦးစွာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဆုရကျောင်းသားကျောင်းသူများအား ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးများ၊ ဒုတိယစက်ရုံမှူးများနှင့် ဌာနကြီးမှူးများက တစ်ဦးချင်းဆုများ ချီးမြှင့်ကြသည်။(ဝဲပုံ)

ဆုကြေး

အဆိုပါ သူငယ်တန်းမှ နဝမတန်းအထိ တစ်ကျောင်းလုံးအတန်းလိုက် ပထမဆုရရှိသူ ၁၁၂ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀စီဖြင့် ဆုကြေးငွေကျပ်၁၁၂၀၀၀၀ ချီးမြှင့်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်မှူးများ သင်တန်းဖွင့်

ဆားလင်းကြီး ဇူလိုင် ၅

ဆားလင်းကြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာစာကြည့်တိုက်မှူးများ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြက စာကြည့်တိုက် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ် ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေး လုပ်ငန်းများကို ဆွေးနွေး ပို့ချသည်။

(မြို့နယ် ပြန်/ဆက်)

လက်ရုံးများမြောင် ဉာဏ်များမြောင်ဖြင့် (၁)

ကျော်ရဲမင်း

နိုင်ငံတော် အရန့်ဆန်များကို ထုတ်ယူပြီး ကယ်ဆယ်ရေးစခန်းများ၌ အိုးကြီး၊ အိုးငယ်အသွယ်သွယ်ဖြင့် ချက်ပြုတ် ကျွေးမွေးခဲ့ရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ထမင်းနှင့်ဟင်းများကို ကလေးငယ်များအား ဤကဲ့သို့ ကိုယ်တိုင် ကျွေးမွေး အားပေးခဲ့သည်။ (သတင်းစဉ်)

“ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း”ဆိုတဲ့ စကားနဲ့ပြောရရင် မြစ်ဝကျွန်းပေါ်ဒေသ တစ်ခုလုံးက ပြည်သူတွေဟာ ကျွန်တော့်ဆွေမျိုးတွေချည်းပါပဲ။ ကျွန်တော်နဲ့ တကယ့်ကို ရင်းနှီးခင်မင်ခဲ့ကြတာ မဟုတ်လား။ အလားတူ ဒီဒေသခံဆွေမျိုးတွေက စေတနာဗရပွနဲ့ ကျွေးလို့မွေးလို့ စားခဲ့ရတဲ့၊ မြိန်ခဲ့ရတဲ့ ထမင်းလုတ်ပေါင်းများစွာဟာလည်း ဘယ်လိုမှ ဆပ်လို့ ကုန်နိုင်ဖွယ်မရှိတဲ့ ကျေးဇူးတရားတွေအဖြစ် ကျွန်တော် အမြဲစွဲမှတ်ထားပါတယ်။

တစ်ချိန်က ကျွန်တော်ဟာ ဟိုင်းကြီးကျွန်းမှာ ဌာနတာဝန်နဲ့ နှစ်ကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင် နေထိုင်ခဲ့ဖူးပါတယ်။ ပထမတစ်ကြိမ် ၁၉၉၃-၉၄ဝန်းကျင်က တစ်နှစ်လောက်၊ နောက်တစ်ကြိမ် ၂၀၀၂-၀၆ က လေးနှစ်လောက် စုစုပေါင်း (ငါး)နှစ်လောက်ကို အခြေချနေထိုင်ခဲ့ဖူးတာပါ။ အဲဒီအချိန်တွေတုန်းက ဟိုင်းကြီးကျွန်းမှာ အခြေချရင်း တာဝန်အရ မြစ်ဝကျွန်းပေါ်တစ်ခွင် ပြဲပြဲစင်အောင် နှံ့ခဲ့ရပါတယ်။ ပြောရရင် မြစ်ဝကျွန်းပေါ်သား စစ်စစ်တစ်ယောက်တောင် မြစ်ဝကျွန်းပေါ်ဒေသကြီးတစ်ခုလုံးကို ကျွန်တော့်လောက်နှံ့အောင် ရောက်နိုင်မယ်မထင်ပါဘူး။ မြစ်ဝကျွန်းပေါ်တစ်ခုလုံး အကြောင်းကိုလည်း ကျွန်တော့်လောက် စုံအောင် သိနိုင်မယ် မထင်ပါဘူး။ အထူးသဖြင့် ပင်လယ်ပိုင်းဒေသတွေ၊ ကမ်းရိုးတန်းနဲ့ ပင်လယ်ဝ မြစ်ပေါက်၊ ချောင်းပေါက်တွေမှာ ကျွန်တော်ဟာ စုန်ချီဆန်ချီ ခေါက်တုံ့ခေါက်ပြန် ထပ်ထပ်ကြိမ်အောင် သွားလာလှုပ်ရှားခဲ့ရပါတယ်။ ဌာနကပေးထားတဲ့ သင်္ဘောလေးနဲ့ တစ်မျိုး၊ သင်္ဘောကြီးတွေနဲ့ တစ်သွယ်၊ ပဲ့ထောင်၊ လိုင်းကောင်တွေစီးလို့ တစ်နည်း၊ ဆားမော်တော်၊ ရေခဲမော်တော်၊ ငါးဖမ်းဝါးလတ် စတာတွေနဲ့တစ်ဖုံ ကြုံသလို ခရီးနှင်ရင်း မြစ်ကြီးမြစ်ငယ်၊ ချောင်းကြီးချောင်းငယ်နဲ့ရုံမက ရေကျော်လေးတွေ၊ ရိုးလေးတွေပါမကျန် ဖြတ်ခဲ့၊ သန်းခဲ့၊ သွားလာခဲ့ရဖူးပါတယ်။

ဆိုတော့ ဟိုင်းကြီးကျွန်းကနေ လပွတ္တာ၊ မြောင်းမြ၊ ပြင်စလူ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ အမာ၊ ဖျာပုံ၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ဒလအထိ ပင်လယ်ပိုင်းဒေသ မြို့ကြီး၊ မြို့ငယ်၊ မြို့လေးတွေအပြင် ရွာကြီး၊ ရွာလတ်၊ ရွာသိမ်၊ ရွာငယ်မကျန် ကျွန်တော်မရောက်ဖူးတဲ့နေရာ မရှိသလောက်ပါပဲ။ ရောက်တဲ့နေရာတိုင်းမှာလည်း တာဝန်အရရော၊ ကျွန်တော်ရဲ့ ဝါသနာစရိုက်အရပါ တွေ့တဲ့သူနဲ့ တည့်အောင်ပေါင်းပြီး ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေလာခဲ့ပါတယ်။ အတူနေ၊ အတူသွား၊ အတူစား ဘဝမျိုးနဲ့ တကယ့်ကို ပျော်ရွှင်ခဲ့ပါတယ်။ မြို့ရွာမျက်နှာဖုံး၊ ဆန်စက်ပိုင်ရှင်၊ ရေလုပ်ငန်းရှင်၊ ကုန်သည်ပွဲစားကြီးတွေကအစ လယ်သမား၊ ခြံသမား၊ လှေသမား၊ ငါးသမားအလယ် ငါးပေါင်းလှေပေါ်က လှေသား၊ ပုစွန်ဖောင်ပေါ်က ဖောင်သားလေးတွေအဆုံး အားလုံးနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တာဆိုတော့ ခင်ရာဆွေမျိုးဆိုရင် ပင်လယ်ပိုင်းဒေသ တစ်ခုလုံးဟာ ကျွန်တော့်ဆွေမျိုးတွေချည်းပါပဲလို့ ဆိုရခြင်းဖြစ်ပါတယ်။ ဒေသခံတွေနဲ့ တစ်သားတည်း နေထိုင်စားသောက် ဆက်ဆံရင်းနှီးလာခဲ့တာဆိုတော့ မြိန်ရာဟင်းကောင်းတွေလည်း ဘယ်ရေတွက်လို့ ရနိုင်ပါ့မလဲ၊ အခုချိန်မှာ ကျွန်တော် တကယ်ပဲ အောက်မေ့သတိရမိပါတယ်။

အခုတော့ တာဝန်အရပဲ ကျွန်တော့်ဆွေမျိုးတွေနဲ့ ဝေးခဲ့ရတာ နှစ်နှစ်ဝန်းကျင် ရှိလာပါပြီ။ ဝေးပေမယ့် မမေ့ဘူးလို့ ဆိုချင်ပါတယ်။ အကြောင်းတိုက်ဆိုင်တိုင်းလည်း မကြာခဏ သတိရနေတတ်ပါတယ်။ အခုတလောတော့ “နာဂစ်”ကြောင့် မြစ်ဝကျွန်းပေါ်က ကျွန်တော့်ဆွေမျိုးတွေကို နေ့တိုင်း သတိရနေတော့တာပါပဲ။

“နာဂစ်”မုန်တိုင်းကြောင့် မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းဒေသ တစ်ခုလုံး ပျက်စီးဆုံးရှုံးမှုကြီးမားပြီး ကိုယ့်ဆွေမျိုးတွေ အတိဒုက္ခရောက်ခဲ့ကြရတာ မြင်နေ တွေ့နေ ကြားသိနေရတော့ ဘယ်လိုမှ စိတ်မကောင်းနိုင်ပါဘူး။ သူတို့အတွက် ဝမ်းနည်းကြေကွဲရတာနဲ့အမျှ တတ်နိုင်သမျှ ကူညီပံ့ပိုး လှူဒါန်းမှုတွေလည်း မပြတ်တမ်းလုပ်ခဲ့ပါတယ်။ သို့ပေမယ့် ငါ့ဆွေ ငါ့မျိုးတွေ စားစရာမှ လောက်ငပါ့မလား၊ ဝတ်စရာမှ လုံခြုံပါ့မလား၊ နေစရာမှ အဆင်ပြေပါ့မလားဆိုပြီး ပူပင်ကြောင့်ကြမိတာလည်း အမှန်ပါပဲ။ ကျွန်တော့်လိုပဲ တစ်နိုင်ငံလုံးက ပြည်သူတွေကလည်း လေဘေးသင့် ပြည်သူတွေအတွက် ကိုယ့်သွေးသားရင်းချာပမာ စိတ်မကောင်းခြင်းကြီးစွာ၊ ပူပင်ကြောင့်ကြမှုကြီးစွာနဲ့ ကူညီကြ၊ လှူဒါန်းကြ ပံ့ပိုးကြတာတွေ နေ့စဉ် တွေ့မြင် ကြားသိနေရပြန်တော့ အားတက် ဝမ်းမြောက်မှုနဲ့အတူ စိတ်အေးရပြန်ပါတယ်။

တကယ်တော့ သဘာဝဘေးအန္တရာယ်ဆိုတာ ဘယ်သူမှလွန်ဆန်လို့ မရနိုင်တဲ့၊ ရှောင်လွှဲဖို့မတတ်နိုင်တဲ့ သဘာဝဖြစ်စဉ်သာ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်လေတိုင်းလည်း အဲဒီသဘာဝဘေးရဲ့ အဖျက်စွမ်းအား ကြီးမားပြင်းထန်မှုအပေါ်မူတည်ပြီး ဒေသခံပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ် ပျက်စီးဆုံးရှုံးမှုတွေ၊ ကြေကွဲဝမ်းနည်းဖွယ် ဖြစ်ရပ်ဆိုးတွေကို မလွှဲမသွေ တွေ့ကြုံ ခံစားကြရစမြဲသာ ဖြစ်ပါတယ်။ ဒီအတွက် ဒို့ကျမှ ဖြစ်ရလေခြင်းဆိုပြီး ကြေကွဲဝမ်းနည်း ငိုကြွေးနေလို့ ဘာမှ ထူးလာမှာမဟုတ်ပါဘူး။ **မုန်တိုင်းဆိုတာ သဘာဝဘေးမို့လို့ သူ့ကို ယိုးမယ်ဖွဲ့ပြီး အပြစ်တင်နေလို့ မရပါဘူး။ ဘာပဲဖြစ်ဖြစ် လဲနေရင် ပြန်ထရမှာပါ။ ပြိုပျက်သွားရင်လည်း ပြန်ပြီး တည်ဆောက်ကြရမှာပါ။ မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးတွေဟာ မူလကတည်းက “ရိုးသားကြိုးစား ဧရာဝတီသား”ဆိုတဲ့ ခံယူချက်မျိုးနဲ့ နိုင်ငံ့စီးပွားနိုင်ငံ့အားကို ဦးဆောင်မြှင့်တင် တည်ဆောက်နေတဲ့ စွမ်းအားရှင်တွေသာ ဖြစ်ကြပါတယ်။ ကိုယ်ပိုင်ဇွဲလုံ့လ ဝီရိယတွေနဲ့ ကိုယ့်ရပ်ရွာ ကိုယ့်ဒေသကို ပြန်လည်ထူထောင် တည်ဆောက်နိုင်စွမ်းရှိကြပါတယ်။ ဒါကိုတော့ ကျွန်တော် အကြွင်းမဲ့ ယုံကြည်ထားပါတယ်။**

နိုင်ငံတော်ပိုင်းကလည်း လေဘေးကြောင့် ပြိုလဲပျက်စီး ဆုံးရှုံးမှုတွေနဲ့ပတ်သက်ပြီး “မြေအုတ်တို့ပြိုလဲရာမှာ ကျောက်အုတ်တို့ဖြင့် အစားထိုးတည်ဆောက်နိုင်ရမည်”ဆိုတဲ့ ရည်မှန်းချက်မျိုးထားပြီး ပြန်လည်ထူထောင် တည်ဆောက်ပေးနေတာပဲ မဟုတ်လား။ ပြောရရင် မေလ ၃ရက်နေ့ မုန်တိုင်းတိုက်လို့ကောင်းနေဆဲ ကာလအတွင်းမှာပဲ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်တဲ့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အရေးပေါ်အစည်းအဝေးပြုလုပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကို ချက်ချင်းစတင်ခဲ့ကြတာ ဖြစ်ပါတယ်။ “အသက်ရှင်ကျန်ရစ်သူတိုင်း ဆက်လက်အသက်ရှင်နေထိုင်ရမည်”ဆိုတဲ့ ဝန်ကြီးချုပ်ရဲ့ ဩဝါဒနဲ့အညီ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေကို ချက်ချင်း ဆောင်ရွက်ခဲ့တဲ့အပြင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် သတ်မှတ်ပြီး အပြင်းအထန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့အတွက် လေဘေးသင့် ဒုက္ခသည်အများစုကို ကယ်တင်နိုင်ခဲ့ပါတယ်။ ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းတွေအတွက် နောက်တန်းစခန်းငါးခု၊ အလယ်တန်းစခန်း ၁၅ခုနဲ့ ရှေ့တန်းစခန်း ၁၂ခုတို့မှာ အိုးအိမ်မဲ့ပြည်သူ တစ်သန်းကျော်ကို ရွှေ့ပြောင်း နေရာချထားပေးနိုင်ခဲ့ပါတယ်။ အလှမ်းဝေးတဲ့ အစွန်အဖျားကျေးရွာတွေတိုင်အောင် စက်လှေ၊ ရဟတ်ယာဉ်တွေနဲ့ စားရေရိက္ခာတွေ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံတော်အကြီးအကဲနှင့် ဒုတိယ အကြီးအကဲတို့ ကိုယ်တိုင် လေဘေးသင့်ဒေသတွေအရောက် ကွင်းဆင်းပြီး လေဘေးသင့်ပြည်သူတွေကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးရင်း လုပ်ငန်းလိုအပ်ချက်တွေကိုလည်း အနီးကပ်ကြီးကြပ် လမ်းညွှန်မှုတွေ ပြုခဲ့ပါတယ်။ ဒါကြောင့်လည်း ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအားလုံး မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်ပြီး မျှော်မှန်းထားတာထက် ခရီးပေါက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်ဆွေမျိုးတွေအတွက် ကျွန်တော် စိတ်ပူတာထက် မိဘနဲ့တူတဲ့ နိုင်ငံတော်အကြီးအကဲတွေက သားသမီးသဖွယ်ဖြစ်တဲ့ လေဘေးသင့်ပြည်သူတွေအတွက် စိုးရိမ်ပူပန်မှုက အဆပေါင်းများစွာ ပိုလိမ့်မယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ် မရှိပါဘူး။

အခုအချိန်မှာတော့ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုတွေ၊ ပြည်တွင်းပြည်ပ စေတနာရှင် အလှူရှင်များရဲ့ အားတက်သရော လှူဒါန်း ပံ့ပိုးကူညီမှုတွေကြောင့် လေဘေးသင့်ပြည်သူတွေအတွက် ကယ်ဆယ်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို နိုင်နိုင်နင်းနင်း ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို ကူးပြောင်း အကောင်အထည်ဖော်

အခုအချိန်မှာတော့ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုတွေ၊ ပြည်တွင်းပြည်ပ စေတနာရှင် အလှူရှင်များရဲ့ အားတက်သရော လှူဒါန်းပံ့ပိုးကူညီမှုတွေကြောင့် လေဘေးသင့် ပြည်သူတွေအတွက် ကယ်ဆယ်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို နိုင်နိုင်နင်းနင်း ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို ကူးပြောင်း အကောင်အထည်ဖော် ဆောင်ရွက်နေပါပြီ။

ဆောင်ရွက်နေပါပြီ။ ပင်လယ်ပိုင်းက ကျွန်
လုံးလုံးကို စိတ်အေးနိုင်ခဲ့ပြီလို့ ဆိုရပါမယ်။
ပြန်လည်ထူထောင် တည်ဆောက်ရေး
ရာမှာ “မူလနေထိုင်လုပ်ကိုင်ခဲ့သည့် အခြေအ
တိုးတက်စေရမည်”ဆိုတဲ့ ရည်မှန်းချက်ထား
ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိုးအိမ်မဲ့မိသ
ပေ၂၀ အကျယ် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း
အမာ လူနေအိမ်တွေကို စနစ်တကျတည်ဆော
ပေးနေတာ တွေ့မြင်နေရတော့ တကယ့်ကို
အရင်တုန်းက ကျွန်တော်ကျင်လည်ကျက်စားခဲ့
ကလေးတွေက တစ်ဖက်ယပ် တံငါတဲလေး
တွေနဲ့ စီစီရီရီ သပ်သပ်ရပ်ရပ် အခိုင်အမာအိမ်
ရတော့ ကျွန်တော့်ဆွေမျိုးတွေအတွက် ဝမ်းသ
ကျွန်တော်တောင် ဒီလောက်ဝမ်းသာမယ်ဆိုရင်
တွေ ဘယ်လောက်များ ဝမ်းသာပီတိဖြစ်လိုက်ရ
ကြည်နူးမိပါတယ်။ နိုင်ငံတော်ရဲ့ ထောက်ပံ့စီမံမှ
လေဘေးသင့် ဒေသအသီးသီးမှာ အခုလို
ထောင်နဲ့ချီပြီး ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်တဲ့
ကင်းဝေးတဲ့နေရာတွေမှာ မြို့သစ်တွေတည်ပြီး အ
ဝန်းကျင်ပါဝင်တဲ့ ရပ်ကွက်တွေ ထပ်ပြီး တည်
ပါတယ်။

အခုဆိုရင် လေဘေးသင့်ဒေသ အားလုံ
တွေအားလုံး ပြန်ဖွင့်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။
ကျွန်တော့်တပည့်တွေကိုယ်တိုင် အချိန်ပိုင်းဝင်ကူ
ကျောင်းကလေးတွေလည်း အခု နိုင်ငံတော်က
ကျောင်းတွေအဖြစ် အဆင့်တိုးမြှင့်နိုင်ခဲ့ပြီလို့ သ
မပြည့်စုံတဲ့ တွဲဖက်ကျောင်းကလေးမှာ ချို့ချို့ငဲ့
ကျွန်တော့် တူ၊ တူမလေးတွေဟာ ယခုအခါမှာ
ပိုပြီး ပြည့်စုံ အဆင်ပြေနေလောက်ပြီလို့
အနာဂတ်ဘဝ လှကြပါစေလို့ ဆုတောင်းနေမိ

အသက်မွေးဝမ်းကျောင်း လုပ်ငန်းနဲ့
ထွန်စက်စခန်းတွေ ဖွင့်ပေးနေတာ လက်တွန်း
မာန်တက် ထွန်ယက်နေကြတာတွေ တွေ့မြင်
ကတော့ ကျွဲနဲ့ နွားနဲ့ အတူဖက်ပြီးရုန်းခဲ့ကြရတဲ့
အခုကျတော့ လက်တွန်းထွန်စက်တွေသာမက ဒီ
ဩဇာ၊ ပိုးသတ်ဆေး စတာတွေကိုပါ လက်ငင်း
စနစ်နဲ့ ပံ့ပိုးပေးနေပါတယ်။ စိုက်ပျိုးလုပ်ကို
စိုက်ပျိုးစရိတ် ချေးငွေကိုလည်း စာရင်းမှတ်စ
ဆိုတော့ လိုလေသေးမရှိဆိုတာ ဒါမျိုးပါလို့
ဧရာဝတီသား ကျွန်တော့်ဆွေမျိုးတွေကလည်း
ပြဖို့ အားသန်ကြသူတွေဖြစ်တဲ့အတွက် ဒီနေ့အ
ထွန်ယက်စိုက်ပျိုးနေကြပါပြီ။ မကြာမီမှာ
စိမ်းအိုပြီး ယိမ်းနွဲ့ကကြိုးဆင်နေတဲ့ လယ်ကွ
ကလို တစ်မျှော်တစ်ခေါ် ရှုမဆုံးအောင် မြ
ဇကန်ပါပဲ။

ပင်လယ်ပိုင်းက ရေလုပ်ငန်းသမား
သွားတဲ့ ငါးဖမ်းလှေတွေကို သက်ဆိုင်ရာတွေ
ပြန်ပြုပြင်ကြပြီး ငါးဖမ်းလုပ်ငန်းတွေ ပြန်စနေ
လှေငယ်တွေ၊ စက်တပ်ငါးဖမ်းလှေကြီးတွေ၊
ပိုက်တွေ၊ စက်သုံးဆီတွေ၊ ရေလုပ်ငန်းသုံး ဆ
ထူထောင်ဖြည့်ဆည်းပေးနေတဲ့အတွက် ပင်လ
တွေဟာ ပုံမှန်အတိုင်းပြန်ဖြစ်နေပြီလို့ ကြားရပါ
လှေတစ်စင်း၊ ပိုက်တစ်ဖုံရှိရင် မိသားစုတစ်စု အ
မှုစရာမလိုတဲ့ ဒေသမျိုးဖြစ်လေတော့ အခုလို
ဆိုရင်ကိုပဲ ကျွန်တော့်ဆွေမျိုးတွေအတွက် စိတ်
အလားတူ ဆားကွင်းသမား၊ ပုစွန်ကန်သမ
ရာသီချိန်ရောက်ရင် ပြန်ပြီးဦးမော့လာကြမယ်

တစ်ဖက်ကလည်း စာသင်ကျောင်း၊
ရုံး/ဌာနအဆောက်အအုံတွေကို ပြန်လည်တည်
တည်ဆောက်ရာမှာ သာမန်အချိန်မှာ သက်ဆ
အသုံးပြုနိုင်ရုံမျှမက လေပြင်းမုန်တိုင်းနဲ့ ဒီရေလှို
အချိန်မှာ သဘာဝဘေးဒဏ်ခိုလှုံရန် နေရာ၊
(Cyclone Shelter)များအဖြစ် ဒီဇိုင်းရေးဆွဲ
ပေးသွားမှာဖြစ်ပါတယ်။ အလားတူ ပင်လယ်ပိုင်း
ကွန်ရက်ဝမ်းမကြီး(၅)ခု စီမံကိန်းကို ယခုနှစ်
အဆင့်ပြီးအောင် ကြိုးပမ်းဆောင်ရွက်နေတယ်
ကွန်ရက်စီမံကိန်းများမှာလည်း ရွာနဲ့ရွာကြား လမ်း
အမြင့်အထိ မြှင့်တင်တည်ဆောက်ပြီး သဘာဝ
နေရာအဖြစ် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါ
သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှု လျော့
အကာအကွယ်ဖြစ်တဲ့ ဒီရေတောတွေကို ပြန်လ
လုပ်ငန်းတွေ စတင်နေပါပြီ။ နိုင်ငံတော်ပိုင်း
ဘေးအန္တရာယ်ကာကွယ်ရေး ရည်မှန်းချက်
ဆောင်ရွက်ပေးနေတာကြောင့် နောက်နောင်ဆို
ကျွန်တော့်ဆွေမျိုးတွေအတွက် ဒီလောက်ကြီး စိုး
ပါဘူး။ အခုတစ်ကြိမ်သာ အတွေ့အကြုံမရှိလို့ အ
နောင်ဆိုရင်တော့ ဒီလိုပျက်စီးဆုံးရှုံးမှုမျိုး
ဆိုနိုင်ပါတယ်။

ဆောင်ရွက်နေပါပြီ။ ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးတွေအတွက် လုံးလုံးကို စိတ်အေးနိုင်ခဲ့ပြီလို့ ဆိုရပါမယ်။

ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ "မူလနေထိုင်လုပ်ကိုင်ခဲ့သည့် အခြေအနေထက် သာလွန်ကောင်းမွန်တိုးတက်စေရမည်" ဆိုတဲ့ ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိုးအိမ်မဲ့မိသားစုများအတွက် ၁၆ ပေ× ပေ ၂၀ အကျယ် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ထရံကာ အခိုင်အမာ လူနေအိမ်တွေကို စနစ်တကျတည်ဆောက်ပြီး ပြန်လည်နေရာချထားပေးနေတာ တွေ့မြင်နေရတော့ တကယ့်ကို ကျေနပ်အားရမိပါတယ်။ အရင်တုန်းက ကျွန်တော်ကျင်လည်ကျက်စားခဲ့ရတဲ့ ပင်လယ်ပိုင်း တံငါရွာကလေးတွေက တစ်ဖက်ယပ် တံငါတဲလေးတွေနေရာမှာ သွပ်မိုးဖွေးဖွေးတွေနဲ့ စီစီရီရီ သပ်သပ်ရပ်ရပ် အခိုင်အမာအိမ်တန်းရှည်တွေကို မြင်လိုက်ရတော့ ကျွန်တော့်ဆွေမျိုးတွေအတွက် ဝမ်းသာမိတာ မပြောပါနဲ့တော့။ ကျွန်တော်တောင် ဒီလောက်ဝမ်းသာမယ်ဆိုရင် ကာယကံရှင်ဖြစ်တဲ့ သူတို့တွေ ဘယ်လောက်များ ဝမ်းသာပီတိဖြစ်လိုက်ရှာမလဲ။ ကျွန်တော် တွေးရင်းကြည်နူးမိပါတယ်။ နိုင်ငံတော်ရဲ့ ထောက်ပံ့စီမံမှုနဲ့ အလှူရှင်ကုမ္ပဏီတွေက လေဘေးသင့် ဒေသအသီးသီးမှာ အခုလိုမျိုး အခိုင်အမာ နေအိမ်ထောင်နဲ့ချီပြီး ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်တဲ့အပြင် လေဒဏ်၊ ရေဒဏ်ကင်းဝေးတဲ့နေရာတွေမှာ မြို့သစ်တွေတည်ပြီး အခိုင်အမာ နေအိမ်တစ်ထောင်ဝန်းကျင်ပါဝင်တဲ့ ရပ်ကွက်တွေ ထပ်ပြီး တည်ဆောက်ပေးဦးမယ်လို့ သိရပါတယ်။

အခုဆိုရင် လေဘေးသင့်ဒေသ အားလုံးမှာ အခြေခံပညာကျောင်းတွေအားလုံး ပြန်ဖွင့်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အရင်တုန်းက ကျွန်တော်နဲ့ ကျွန်တော့်တပည့်တွေကိုယ်တိုင် အချိန်ပိုင်းဝင်ကူပြီး စာသင်ပေးခဲ့ရတဲ့ တွဲဖက်ကျောင်းကလေးတွေလည်း အခု နိုင်ငံတော်က တာဝန်ယူတဲ့ အခြေခံပညာကျောင်းတွေအဖြစ် အဆင့်တိုးမြှင့်နိုင်ခဲ့ပြီလို့ သိရပါတယ်။ အစစအရာရာ မပြည့်စုံတဲ့ တွဲဖက်ကျောင်းကလေးမှာ ချို့ချို့ငဲ့ငဲ့ ပညာသင်ကြားခဲ့ကြရတဲ့ ကျွန်တော့် တူ၊ တူမလေးတွေဟာ ယခုအခါမှာတော့ အရင်တုန်းကထက် ပိုပြီး ပြည့်စုံ အဆင်ပြေနေလောက်ပြီလို့ တွေးရင်း ခမျာလေးတွေရဲ့ အနာဂတ်ဘဝ လှကြပါစေလို့ ဆုတောင်းနေမိပါတယ်။

အသက်မွေးဝမ်းကျောင်း လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့လည်း ထွန်စက်စခန်းတွေ ဖွင့်ပေးနေတာ လက်တွန်းထွန်စက်တွေနဲ့ အားကြိုးမာန်တက် ထွန်ယက်နေကြတာတွေ တွေ့မြင်နေရပါတယ်။ အရင်တုန်းကတော့ ကျွဲနဲ့ နွားနဲ့ အတူဖက်ပြီးရုန်းခဲ့ကြရတဲ့ ဘဝတွေက များပါတယ်။ အခုကျတော့ လက်တွန်းထွန်စက်တွေသာမက ဒီဇယ်ဆီ၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စတာတွေကိုပါ လက်ငင်းငွေချေဖို့မလိုဘဲ စာရင်းမှတ်စနစ်နဲ့ ပံ့ပိုးပေးနေပါတယ်။ စိုက်ပျိုးလုပ်ကိုင်မယ့် လယ်ဧကအလိုက် စိုက်ပျိုးစရိတ် ချေးငွေကိုလည်း စာရင်းမှတ်စနစ်နဲ့ ထုတ်ချေးပေးနေတာဆိုတော့ လိုလေသေးမရှိဆိုတာ ဒါမျိုးပါလို့ ဆိုရမလို ဖြစ်နေပါပြီ။ ဧရာဝတီသား ကျွန်တော့်ဆွေမျိုးတွေကလည်း မူလကတည်းက လုပ်အားပြဖို့ အားသန်ကြသူတွေဖြစ်တဲ့အတွက် ဒီနေ့အချိန်မှာ အားကြိုးမာန်တက် ထွန်ယက်စိုက်ပျိုးနေကြပါပြီ။ မကြာမီမှာ မြကမ္ဗလာ ခင်းထားသလို စိမ်းအိပြီး ယိမ်းနွဲ့ကကြိုးဆင်နေတဲ့ လယ်ကွင်းပြင်တွေကို အရင်တုန်းကလို တစ်မျှော်တစ်ခေါ် ရှုမဆုံးအောင် မြင်တွေ့ကြရတော့မှာ မလွဲဧကန်ပါပဲ။

ပင်လယ်ပိုင်းက ရေလုပ်ငန်းသမားတွေလည်း နစ်မြုပ်ပျက်စီးသွားတဲ့ ငါးဖမ်းလှေတွေကို သက်ဆိုင်ရာတွေရဲ့အကူအညီနဲ့ ပြန်ဖော်ကြ၊ ပြန်ပြုပြင်ကြပြီး ငါးဖမ်းလုပ်ငန်းတွေ ပြန်စနေကြပါပြီ။ ဒါ့အပြင် ငါးဖမ်းလှေငယ်တွေ၊ စက်တပ်ငါးဖမ်းလှေကြီးတွေ၊ အင်ဂျင်စက်တွေ၊ ငါးဖမ်းပိုက်တွေ၊ စက်သုံးဆီတွေ၊ ရေလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းတွေကို ပံ့ပိုးထူထောင်ဖြည့်ဆည်းပေးနေတဲ့အတွက် ပင်လယ်ပိုင်းရဲ့ ငါးဖမ်းလုပ်ငန်းတွေဟာ ပုံမှန်အတိုင်းပြန်ဖြစ်နေပြီလို့ ကြားရပါတယ်။ ပင်လယ်ပိုင်းဆိုတာ လှေတစ်စင်း၊ ပိုက်တစ်ဖုံရှိရင် မိသားတစ်စု အသက်မွေးမှုအတွက် ဘာကိုမှ မူစရာမလိုတဲ့ ဒေသမျိုးဖြစ်လေတော့ အခုလို ငါးတွေ ပြန်ဖမ်းနိုင်ကြပြီဆိုရင်ကိုပဲ ကျွန်တော့်ဆွေမျိုးတွေအတွက် စိတ်နှလုံး တုံးတုံးချလို့ရပါပြီ။ အလားတူ ဆားကွင်းသမား၊ ပုစွန်ကန်သမားတွေလည်း မကြာခင်ရာသီချိန်ရောက်ရင် ပြန်ပြီးဦးမော့လာကြမယ်လို့ မျှော်လင့်မိပါတယ်။

တစ်ဖက်ကလည်း စာသင်ကျောင်း၊ ဆေးရုံ၊ ဘုန်းကြီးကျောင်း၊ ရုံး/ဌာနအဆောက်အအုံတွေကို ပြန်လည်တည်ဆောက်နေကြပါပြီ။ အဲဒီလို တည်ဆောက်ရာမှာ သာမန်အချိန်မှာ သက်ဆိုင်ရာလုပ်ငန်းတွေအတွက် အသုံးပြုနိုင်ရုံမျှမက လေပြင်းမုန်တိုင်းနဲ့ ဒီရေလှိုင်းကြီးတွေ ကျရောက်လာတဲ့ အချိန်မှာ သဘာဝဘေးဒဏ်ခိုလှုံရန် နေရာ၊ အကာအကွယ်ယူရန် နေရာ (Cyclone Shelter)များအဖြစ် ဒီဇိုင်းရေးဆွဲပြီး အခိုင်အခံ့တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ အလားတူ ပင်လယ်ပိုင်းဒေသတွေအတွက် အဓိက ကွန်ရက်လမ်းမကြီး(၅)ခု စီမံကိန်းကို ယခုမိုးရာသီအတွင်း မြေသားလမ်းအဆင့်ပြီးအောင် ကြိုးပမ်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အဲဒီလမ်းကွန်ရက်စီမံကိန်းများမှာလည်း ရွာနဲ့နီးတဲ့ လမ်းအပိုင်းတွေကို ပေ၂၀/၃၀ အမြင့်အထိ မြှင့်တင်တည်ဆောက်ပြီး သဘာဝဘေးကျရောက်ချိန်မှာ ခိုလှုံရန်နေရာအဖြစ် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် နောင်ကာလတွေမှာ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှု လျော့နည်းရေးအတွက် သဘာဝအကာအကွယ်ဖြစ်တဲ့ ဒီရေတောတွေကို ပြန်လည်ပျိုးထောင်ထိန်းသိမ်းရေးလုပ်ငန်းတွေ စတင်နေပါပြီ။ နိုင်ငံတော်ပိုင်းအနေနဲ့ ရေရှည်မှာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ရည်မှန်းချက်ထားပြီး ဒီလို အစီအမံတွေ ဆောင်ရွက်ပေးနေတာကြောင့် နောက်နောင်ဆိုရင်တော့ ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးတွေအတွက် ဒီလောက်ကြီး စိုးရိမ်စရာအကြောင်းမရှိတော့ပါဘူး။ အခုတစ်ကြိမ်သာ အတွေ့အကြုံမရှိလို့ အလစ်အငိုက်ခံလိုက်ရပေမယ့် နောင်ဆိုရင်တော့ ဒီလိုပျက်စီးဆုံးရှုံးမှုပမာဏမျိုး ကြုံလာနိုင်စရာမရှိဘူးလို့ ဆိုနိုင်ပါတယ်။

တကယ်တော့ ဒီနေ့ ဒီအခြေအနေမျိုး ပြန်ရောက်လာအောင် နိုင်ငံတော်အပိုင်းက ငွေကျပ် ဘီလီယံပေါင်းများစွာ ကျခံသုံးစွဲ ပံ့ပိုးပေးခဲ့ရသလို ဌာနဆိုင်ရာတွေ၊ ကုမ္ပဏီအဖွဲ့အစည်းတွေ၊ ရပ်ဟန်းရှင်လူ ပြည်သူတွေအားလုံးကလည်း စေတနာသဒ္ဓါတရား ထက်သန်စွာနဲ့ အားတက်သရော ပံ့ပိုးကူညီ လှူဒါန်းခဲ့ကြပါတယ်။ အလားတူ ကမ္ဘာ့နိုင်ငံတွေ၊ ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေ၊ INGO တွေနဲ့ NGO အဖွဲ့အစည်းတွေကလည်း ကယ်ဆယ်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုနဲ့ အဆက်မပြတ် ပေးပို့လှူဒါန်းခဲ့ကြပါတယ်။ ဒါကြောင့် နိုင်ငံတော်ပိုင်းက ဦးဆောင်စီမံကျခံပံ့ပိုးမှုတွေအပြင် စေတနာရှင် ရပ်ဟန်းရှင်လူ ပြည်သူများရဲ့ ပံ့ပိုးလှူဒါန်းမှုအား၊ ပြည်တွင်းကုမ္ပဏီလုပ်ငန်းကြီးများရဲ့ပူးပေါင်းဆောင်ရွက်မှုအား၊ နိုင်ငံတကာ အလှူရှင်များရဲ့ လှူဒါန်းမှုအားများကိုလည်း ကျေးဇူးတင် အသိအမှတ်ပြုရမှာသာ ဖြစ်ပါတယ်။

လှူဒါန်းခဲ့ကြတဲ့ ငွေကြေးပစ္စည်းတန်ဖိုး ပမာဏကြီးမားလှသလို ပစ္စည်းအမယ်ပေါင်းလည်း အလွန်ပင် များပြားလှပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်တုန်း လေဘေးသင့် ကျွန်တော့် ဆွေမျိုးများအတွက် မေလ ၄/၅ရက်ကစပြီး ဇူလိုင်လ ၁၄ရက်နေ့အထိ လှူဒါန်းထောက်ပံ့မှုတွေထဲက ဆန်တစ်မျိုးတည်းရဲ့ လှူဒါန်းထောက်ပံ့မှုပမာဏကို သိသာမြင်သာအောင် ကိန်းဂဏန်းများနဲ့ ဖော်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆန်ဟာ ကျွန်တော်တို့လူမျိုးရဲ့ အဓိကစားနပ်ရိက္ခာ ဖြစ်နေလို့ပါပဲ။ ကျွန်တော်တို့လူမျိုးမှာ ဆန်သာရှိနေရင် ကျန်တဲ့ စားဖို့သောက်ဖို့ကိစ္စတွေက မထောင်းသာလှပါဘူး။ ဒါကြောင့်လည်း လေဘေးသင့်ပြည်သူတွေနဲ့ပတ်သက်ရင် နိုင်ငံတော်အပိုင်းက ဆန်ကိုအဓိကထားပြီး ထောက်ပံ့ပေးလျက်ရှိပါတယ်။

ပြောရရင် နိုင်ငံတော်မှာ အရေးကိစ္စကြုံတဲ့အခါ ပြည်သူလူထုရဲ့ စားနပ်ရိက္ခာကိစ္စကို ကူညီပံ့ပိုးဖြေရှင်းပေးနိုင်ဖို့ အရန်ဆန်ဆိုတာ သိုလှောင်ထိန်းသိမ်းထားရစမြဲ ဖြစ်ပါတယ်။ အရန်ဆန်ကို နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ဝယ်ယူပြီး စနစ်တကျ ထိန်းသိမ်းသိုလှောင်ထားပါတယ်။ အရေးအကြောင်းပေါ်လို့ နိုင်ငံတော်က မကူရင် မဖြစ်တဲ့ အခြေအနေမျိုးကျမှ ထုတ်သုံးပါတယ်။ အခုလည်း နာဂစ်ကိစ္စအရေးပေါ်ကြုံလာတော့ လေဘေးသင့်ပြည်သူတွေ အငတ်ဘေးမကြုံရအောင် နိုင်ငံတော်ပိုင်းက အရန်ဆန်တွေကို ထုတ်ယူပြီး စနစ်တကျ ထောက်ပံ့ပေးခဲ့ရပါတယ်။ ဘယ်လိုထောက်ပံ့ပေးသလဲဆိုတော့ မုန်တိုင်းပြီးပြီးချင်း မေလ ၃/၄ရက်လောက်က စပြီး ကယ်ဆယ်ရေးစခန်းတွေမှာ အိုးကြီး၊ အိုးငယ်အသွယ်သွယ်နဲ့ ချက်ပြုတ်ကျွေးမွေးခဲ့ရပါတယ်။ ဒုက္ခသည်တစ်ယောက်ကို တစ်နေ့ ဆန်နှစ်ဘူးနှုန်းနဲ့ ဖိုကြီးတွေမှာ စုပေါင်းပြီး ချက်ပြုတ်ကျွေးမွေးခဲ့တာပါ။ အဲဒီတုန်းက ကယ်ဆယ်ရေးစခန်း အရေအတွက်ပေါင်း ၇၂၆ခုအထိ ရှိခဲ့ပြီး ဒုက္ခသည်ပေါင်း တစ်သန်းသုံးသိန်းကျော်အထိ တာဝန်ယူ ကျွေးမွေးခဲ့ရပါတယ်။

ဒီလိုအခြေအနေမျိုးမှာ နိုင်ငံတော်က တာဝန်မယူလို့ ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့အတွက် နိုင်ငံတော်အပိုင်းက အပြည့်အဝတာဝန်ယူပြီး ထောက်ပံ့ ကျွေးမွေးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်ရဲ့ ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းတွေဟာ တာထွက်ကောင်းခဲ့သလို အရှိန်အဟုန်လည်း မြင့်မားခဲ့တဲ့အတွက် မေလကုန်လောက်ကစပြီး လေဘေးသင့်မိသားစုတွေကို အိုးခွက်ပန်းကန်များ လုံလောက်အောင် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အဲဒီလို အိုးခွဲချက်ဖို့ အိုးခွက်ပန်းကန်ပြည့်စုံတဲ့အချိန်မှာ မိသားတစ်စုချင်း ချက်ပြုတ်စားသောက်နိုင်ဖို့ လိုအပ်တဲ့ဆန်ကို မူလနှုန်းထားအတိုင်းပဲ ထောက်ပံ့ပေးခဲ့ပြန်ပါတယ်။ ဖိုကြီးစနစ်နဲ့ ချက်ပြုတ်ကျွေးမွေးရာကနေ မိသားတစ်စုချင်းအလိုက် ချက်ပြုတ်စားသောက်တဲ့ပုံစံ ပြောင်းပေးခဲ့ခြင်းဖြစ်ပါတယ်။ ပုံစံပြောင်းပေမယ့် ဆန်ထောက်ပံ့မှုနှုန်းထားကတော့ လျော့မသွားခဲ့ပါဘူး။ ယနေ့အထိ အဲဒီနှုန်းထားအတိုင်း ထောက်ပံ့နေဆဲဖြစ်သလို ရှေ့ဆက်ပြီးတော့လည်း အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ပေးနေဦးမှာပဲ ဖြစ်ပါတယ်။

စတင်ထောက်ပံ့ချိန်ကစပြီး ၁၄-၇-၂၀၀၈ရက်နေ့အထိ ဆန်ရရှိမှုကို ကြည့်မယ်ဆိုရင် နိုင်ငံတော်အရန်ဆန်မှ ထောက်ပံ့မှု ၃၇၈၃၆၃အိတ်(၁၈၉၁၈ဒသမ ၁၅တန်)၊ လုပ်ငန်းကုမ္ပဏီများနဲ့ ရပ်ဟန်းရှင်လူ ပြည်သူများက လှူဒါန်းမှု ၂၃၃၁၆၇အိတ် (၁၁၆၅၈ဒသမ ၃၅တန်)၊ WFP မှ လှူဒါန်းမှု ၆၆၈၂၄အိတ် (၃၃၄၁ဒသမ ၂တန်) ဖြစ်တဲ့အတွက် စုစုပေါင်း ရရှိဆန်အိတ်ဟာ ၆၇၈၃၅၄အိတ် (၃၃၉၁၇ဒသမ ၇တန်)ဖြစ်ပါတယ်။ အဲဒီအထဲက ၁၄-၇-၂၀၀၈ရက်နေ့အထိ ၄၂၃၆၇၇အိတ်(၂၁၁၈၃ဒသမ ၈၅တန်)ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော် အရန်ဆန် ၂၅၄၆၇၇အိတ် (၁၂၇၃၃ဒသမ ၈၅တန်) အသင့်စုပုံထားရှိပါတယ်။ ဆန်အိတ်ပေါင်း ခုနစ်သိန်းနီးပါးအထိ စုဆောင်းထားပြီး လေးသိန်းကျော် ထောက်ပံ့ပေးခဲ့ပြီးတဲ့ ပမာဏကိုကြည့်ရင် နိုင်ငံတော်ပိုင်းက ဘယ်လောက်အထိ စိုက်ထုတ် ကျခံထားရတယ်ဆိုတာ သိမြင်နိုင်ပါတယ်။

ရာခိုင်နှုန်းအားဖြင့်ကြည့်ရင် နိုင်ငံတော် အရန်ဆန်က ၅၅ဒသမ ၇ရာခိုင်နှုန်း၊ ကုမ္ပဏီတွေနဲ့ ရပ်ဟန်းရှင်လူ ပြည်သူတွေက ၃၄ဒသမ ၄ရာခိုင်နှုန်း၊ WFP က ၉ဒသမ ၉ရာခိုင်နှုန်းဖြစ်ပါတယ်။ တကယ်တမ်းကျတော့ နိုင်ငံတော်နဲ့ လုပ်ငန်းကုမ္ပဏီတွေ၊ ရပ်ဟန်းရှင်လူ ပြည်သူတွေရဲ့ လှူဒါန်းထောက်ပံ့မှုက စုစုပေါင်း ၉၀ရာခိုင်နှုန်းလောက် ရှိပါတယ်။ အချိန် နှစ်လသာသာအတွင်းမှာကို ဆန်အိတ်ပေါင်း လေးသိန်းကျော် ထောက်ပံ့ကုန်ကျခဲ့ရင် ကျန်ဦးမယ့် ကာလတွေအတွက် ဆန်လိုအပ်ချက်ပမာဏဟာ မြင့်မားနေဦးမှာပဲဆိုတာ မြင်သာပါတယ်။ လက်ကျန်ဆန်အိတ် နှစ်သိန်းခွဲဟာ ရှေ့ဆက်ထောက်ပံ့ရမယ့် ကာလနဲ့ယှဉ်ရင် ထပ်ပြီး လိုအပ်နေဦးမှာပါ။ ကျန်တဲ့ လှူဒါန်းမှုအပိုင်းက မပြည့်မီရင် နိုင်ငံတော် အရန်ဆန်အပိုင်းကပဲဆက်ပြီး စိုက်ထုတ်ထောက်ပံ့ပေးရမှာ ဖြစ်ပါတယ်။ **ဘယ်နိုင်ငံတော်အစိုးရကမှ ကိုယ့်ပြည်သူတွေ ဒုက္ခရောက်မှာကို လက်ပိုက်ကြည့်နေနိုင်မှာမဟုတ်ပါဘူး။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံလို အစိုးရနဲ့ ပြည်သူဟာ သားသမီးနဲ့ မိဘလို ဆက်ဆံရေးမျိုးရှိနေတဲ့ နိုင်ငံမျိုးမှာ ပိုပြီးတော့တောင် နိုင်ငံတော်ပိုင်းက ဂရုစိုက်ပေးနေပါသေးတယ်။ ဒီအတွက်လည်း နိုင်ငံတော်ရဲ့ ကျေးဇူးတရားကို ကျွန်တော်တို့ မြင်တတ်ကြစေချင်ပါတယ်။**

လေဘေးသင့် ပြည်သူတွေနဲ့ပတ်သက်ပြီး ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ ငါးသေတ္တာ၊ အချိုရည်ဘူး စသဖြင့် အသင့်သုံး စားသောက်ဖွယ်ရာတွေလည်း လှူဒါန်းကြတာတွေ အများကြီးပါ။ ဒါပေမယ့် ကျွန်တော်တို့လူမျိုးတွေ၊ ကျွန်တော်တို့ ဆွေမျိုးတွေအနေနဲ့က ဆန်တစ်ခုတည်းကိုပဲ အာရုံကျပြီး ထမင်းစားရမှ အာသီသပြေတတ်ကြလေတော့ ဆန်နဲ့ပတ်သက်တဲ့ ကိန်းဂဏန်းတွေကိုပဲ အထူးပြု ဖော်ပြခြင်းဖြစ်ပါတယ်။ ကျန်တဲ့ လယ်ယာသုံးပစ္စည်းတွေ၊ ရေလုပ်ငန်းသုံးပစ္စည်းတွေ၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတွေ၊ အိမ်ရာတည်ဆောက်မှုတွေ စတဲ့ လှူဒါန်းမှုအစုစုဆိုင်ရာ ကိန်းဂဏန်းများကိုလည်း ဆက်လက်ပြီး တင်ပြပေးသွားဦးမှာပါ။

ချုပ်ပြီးပြောရရင် မြစ်ဝကျွန်းပေါ်ဆိုတာ မြန်မာပြည်ရဲ့ စပါးကျီပါ။ ဧရာဝတီသား ကျွန်တော့်ဆွေမျိုးများ စိုက်ခဲ့ပျိုးခဲ့ကြတဲ့ ဆန်စပါးတွေကို ကျွန်တော်အပါအဝင် တစ်နိုင်ငံလုံးက မြန်မာပြည်သူအားလုံး စားသုံးခဲ့ကြပေါင်း များလှပါပြီ။ ဒါပေမယ့် ဒီနေ့ဒီအချိန်မှာတော့ ကျွန်တော်တို့အားလုံးက သူတို့အတွက် ပြန်ပြီးလှူဒါန်းထောက်ပံ့နေကြရပါတယ်။ တစ်လုတ်စားဖူး သူ့ကျေးဇူးကို ပြန်ဆပ်ဖို့ ကြုံကြိုက်လာတဲ့ အခွင့်အခါကောင်းပါပဲ။ ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ လေဘေးသင့် ပြည်သူတွေအတွက် လှူဒါန်းပံ့ပိုးကူညီမှုတွေကို အရှိန်အဟုန်မပျက် ရှေ့ဆက်နိုင်ဖို့ အရေးကြီးပါတယ်။ အရှိန်အဟုန်ကျသွားလို့ မဖြစ်ဖူးဆိုတာ ကျွန်တော်တင်ပြခဲ့တဲ့ စားသုံးဆန်ပမာဏတစ်ခုတည်းကို ကြည့်ရင်ပဲ တွက်ဆနိုင်ကြပါပြီ။

အလားတူ ဧရာသား ကျွန်တော့်ဆွေမျိုးများဟာလည်း ပင်မအလုပ်ဖြစ်တဲ့ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းတွေကို ပြန်လည်ရှန်းထထူထောင် လုပ်ဆောင်နေကြပါပြီ။ မကြာမီကာလမှာ မူလအခြေအနေထက် သာလွန်မြင့်မားတဲ့ ဘဝကိုယ်စီကို ပိုင်ဆိုင်နိုင်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ထားပါတယ်။ တစ်ချိန်က ခင်ဖူးတဲ့ ဆွေမျိုးတွေ၊ မြိန်ဖူးတဲ့ ထမင်းဝိုင်းတွေကို သတိရရင်း ကိုယ့်ဆွေမျိုးတွေရဲ့ အောင်မြင်တဲ့ အနာဂတ်ဘဝကို ပုံဖော်မြင်ယောင်မိပါတယ်။ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်တွေနဲ့ လဲကျရာက ရုန်းထချီတက်ရင်း ယခင်ကထက် ပိုမိုသက်ဝင်လှုပ်ရှား နိုးကြားတက်ကြွနေတဲ့ ကိုယ့်ဆွေမျိုးတွေရဲ့ စိတ်ဓာတ်အားမာန်၊ လုပ်အားအားမာန်တွေအတွက် ဂုဏ်ယူအားပေးလျက်ပါ။ သို့သော် ကာယကံရှင်တွေကိုယ်နှိုက်က အားကြိုးမာန်တက်ကြိုးစားကြသလို ကျွန်တော်တို့ နိုင်ငံတော်အပိုင်းကရော၊ ပုဂ္ဂလိကလုပ်ငန်းကြီးတွေနဲ့ ရပ်ဟန်းရှင်လူ ပြည်သူများအပိုင်းကပါ ဝိုင်းဝန်းပံ့ပိုးထမ်းဆောင်ပေးကြမယ်ဆိုရင်ဖြင့် "အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကား" ဆိုသလို ပို၍ပို၍သာ အောင်မြင်ပြီးမြောက်ဖို့ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံးအနေနဲ့ လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်ဖြင့် ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်ကြပါစို့လို့ တိုက်တွန်းလိုက်ချင်ပါတယ်။ ။

လေဘေးသင့်ပြည်သူများအတွက် ဆန်ထောက်ပံ့မှုစာရင်းချုပ်

(၄-၅-၂၀၀၈မှ ၁၄-၇-၂၀၀၈အထိ)

စဉ်	လှူဒါန်း/ထောက်ပံ့သူ	ရရှိ	ထောက်ပံ့ပြီး	လက်ကျန်	မှတ်ချက်
၁	နိုင်ငံတော်အရန်ဆန်မှထောက်ပံ့မှု	၃၇၈၃၆၃အိတ် (၁၈၉၁၈.၁၅တန်)	၁၂၃၆၈၆အိတ် (၆၁၈၄.၃တန်)	၂၅၄၆၇၇အိတ် (၁၂၇၃၃.၈၅တန်)	
၂	လုပ်ငန်းကုမ္ပဏီများနှင့် ရပ်ဟန်းရှင်လူပြည်သူများမှလှူဒါန်းမှု	၂၃၃၁၆၇အိတ် (၁၁၆၅၈.၃၅တန်)	၂၃၃၁၆၇အိတ် (၁၁၆၅၈.၃၅တန်)		
၃	WFP မှ လှူဒါန်းမှု	၆၆၈၂၄အိတ် (၃၃၄၁.၂တန်)	၆၆၈၂၄အိတ် (၃၃၄၁.၂တန်)		
	စုစုပေါင်း	၆၇၈၃၅၄အိတ် (၃၃၉၁၇.၇တန်)	၄၂၃၆၇၇အိတ် (၂၁၁၈၃.၈၅တန်)	၂၅၄၆၇၇အိတ် (၁၂၇၃၃.၈၅တန်)	

- ထောက်ပံ့လှူဒါန်းရရှိမှုပမာဏမှာ ရာခိုင်နှုန်းအားဖြင့် နိုင်ငံတော်အရန်ဆန်မှ ထောက်ပံ့မှု ၅၅ဒသမ ၇ရာခိုင်နှုန်း၊ ကုမ္ပဏီများနှင့် ရပ်ဟန်းရှင်လူပြည်သူများ၏ လှူဒါန်းမှု ၃၄ဒသမ ၄ရာခိုင်နှုန်းနှင့် WFP မှ လှူဒါန်းမှု ၉ဒသမ ၉ရာခိုင်နှုန်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်တွင်း လှူဒါန်းထောက်ပံ့မှုသည်ပင် စုစုပေါင်းပမာဏ၏ ၉၀ရာခိုင်နှုန်း ရှိပါသည်။
- လက်ကျန် နိုင်ငံတော်အရန်ဆန် ၂၅၄၆၇၇အိတ်(၁၂၇၃၃ဒသမ ၈၅တန်)မှ လေဘေးသင့်ပြည်သူများအတွက် သတ်မှတ်နှုန်းထားများအတိုင်း ဆက်လက်ထောက်ပံ့လျက်ရှိသည့်အပြင် ရှေ့ဆက်၍လည်း အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ပေးသွားဦးမည် ဖြစ်ပါသည်။
- ၎င်းလက်ကျန်ဆန်အပြင် ထပ်မံလှူဒါန်းမှုအပိုင်းမှ ထောက်ပံ့ရန် လိုအပ်ချက်မပြည့်မီပါကလည်း နိုင်ငံတော် အရန်ဆန်မှပင် ဆက်လက်စိုက်ထုတ် ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။

လှိုင်သာယာနှင့် ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးပရိယတ္တိစာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများ

ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးပရိယတ္တိစာသင်တိုက် ၁၆တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ မဟာအောင်မြေရိပ်သာကျောင်းတိုက်၌ ကျင်းပရာ ဘုန်းတော်ကြီးပရိယတ္တိစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်များနှင့် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးများကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ လှိုင်သာယာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သောင်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တထံမှ ပရိသတ်တို့ကငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယတိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးသုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင်အလှူတော်ငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများနှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၇၀၀၀၀၀စီ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ လှိုင်သာယာမြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ အုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီများက ငွေကျပ် ၇၀၀၀၀၀၊ တရုတ်-တိုင်ပေဗုဒ္ဓဘာသာအဖွဲ့က ငွေကျပ် ၂၀၀၀၀၀၀၊ ITBC ယင်းတိုင်ဆင်စက်ရုံနှင့် လှိုင်သာယာစက်မှုမြို့စီမံခန့်ခွဲမှုကော်မတီတို့က ငွေကျပ် ၁၀၀၀၀၀၀စီ၊ ဦးဝင်းသိန်း-အေဝမ်းဒေါ်တင်တင်လှ (ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေးကုမ္ပဏီ)နှင့် ဦးအောင်ကျော်ထူး-ဒေါ်ခင်မာနိုင်(ငါးရှဉ့်ဒိုင်)တို့က ငွေကျပ် ၅၀၀၀၀၀စီ၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု) က ငွေကျပ် ၃၀၇၀၀၀၊ ဦးအောင်သိန်းဝင်း(EVAကုမ္ပဏီလီမိတက်)၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး(ဘုတ်ဆုံမငရုတ်သီးမှုန့်ရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးသိန်းဟန် (တိုကျိုပိုက်)၊ ဒါရိုက်တာဒေါ်ဝိုင်းဝိုင်းနွဲ့ (Golden Lion Wire Co., Ltd.)နှင့် လှိုင်သာယာမြို့နယ် ဆီကုန်သည်များအသင်းတို့က ငွေကျပ် ၃၀၀၀၀၀စီ၊ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးကော်မတီ၊ ရွှေလင်ပန်း၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ စက်မှုဇုန် (၅)စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲ ဥရောပ-အာရှကော်မာရှယ်လီမိတက်၊ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတိုးဂိတ်မိသားစု၊ မြို့နယ်ပညာရေးမိသားစု၊ မြို့နယ်အတွင်း တည်းခိုခန်းပိုင်ရှင်များ၊ ရွှေနဂါးမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဦးသန်းနိုင်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ကြည်ကြည်ဆွေ(သမ္ဘတသင်္ကန်းတိုက်)တို့က ငွေကျပ်၂၀၀၀၀၀စီ၊ ဦးသီဟ (Delicious Food Co., Ltd.)၊ မြို့နယ်ဆန်ကုန်သည်များအသင်းနှင့် ဦးအောင်မျိုး-ဒေါ်စီစီဆန်း(Decoland Co.)တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း၊ (သား) ဦးရန်ရှင်း(United Winner Co., Ltd.)က ငွေကျပ်၁၂၀၀၀၀၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ဦးတင်မောင်ရီ(ငွေခြင်္သေ့ပလတ်စတစ်ဖိုင်ဘာစက်ရုံ)၊ ဦးထွန်းလွင်-ဒေါ်သန်းမြင့်၊ သား မောင်မင်းသာထက်၊ ဦးသန်းအေးမိသားစု၊ ဒေါ်နွယ်နွယ်ဝင်းမိသားစု၊ ဦးညီညီလွင်-ဒေါ်ထားထား၊ ဦးစိုးစိုးသန်း(အားမာန်သစ်မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးစည်သူနှင့် ဦးလှသန်းမိသားစုနှင့် (ဃ)လိုင်စင် ပို့/ဆက်အဖွဲ့တို့က ငွေကျပ်၁၀၀၀၀၀စီ၊ လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ပြည်သူများက ငွေကျပ်၁၁၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ စာသင်တိုက်များမှ ဆရာတော်များကိုယ်စား ဒုတိယတိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် လှိုင်သာယာမြို့နယ် သာယာကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

လှူဒါန်းမှု

လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ ယနေ့လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၄၄၂အိတ်နှင့် ၁၈ပြည်၊ ဆီ ၄၉၈ပိဿာနှင့် ၂၀ကျပ်သား၊ ပဲ ၃၅၆ ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၇၈၂ ပိဿာ၊ သွားတိုက်ဆေးဘူး ၃၅၇ ဘူး၊ ငရုတ်သီးမှုန့် အထုပ် ၁၀၀၀၊ တိုင်းရင်းဆေးမျိုးစုံ ဘူး၄၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ်၁၃၂၉၇၀၀၀ ဖြစ်သည်။

ကမာရွတ်မြို့နယ်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် လေးတိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ညနေ ၃နာရီတွင် ကမာရွတ်မြို့နယ် (၃)ရပ်ကွက်ရှိ သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။ ရှေးဦးစွာ ကမာရွတ်မြို့နယ် သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်တော်လှူဒါန်း

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ရေ၊ လေ)အရာရှိကြီး သုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်များကလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယတိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေလက်ခံ

ထို့နောက်ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၄၀၀၀၀ စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၀၀၀၀၀၊ သုဓမ္မမဏိဇောတဓရ ဦးဇေယျသူရမွန်-ဒေါ်ခိုင်ခိုင်မြင့်(Fresh Airconditioners) က ငွေကျပ် ၈၀၀၀၀၀၊ စရီမာရီယမ္မာန်ဘုရားကျောင်းက ငွေကျပ် ၅၀၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးရဲအောင်-သုဓမ္မသိင်္ဂီ ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋ္ဌေကြွယ် ကြက်ဆူပင်စိုက်ပျိုးရေး)က ငွေကျပ် ၃၀၅၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးထွန်းလင်း-ဒေါ်ရင်ရင်စိုး (PMGကုမ္ပဏီ) နှင့် ဦးရန်နိုင်-ဒေါ်မမလေးတို့က ငွေကျပ်၃၀၀၀၀၀စီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္ဘတသင်္ကန်းတိုက်)၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမငရုတ်သီးမှုန့်ရောင်းဝယ်ရေး)နှင့် ကမာရွတ်မြို့နယ် ဆီကုန်သည်များအသင်းတို့က ငွေကျပ် ၂၀၀၀၀၀စီ၊ ဒေါ်သန်းနု (ဒေါ်နု အလှူပစ္စည်းမျိုးစုံ ငှားရမ်းရေးလုပ်ငန်း)က ငွေကျပ်၁၅၅၀၀၀၊ ဦးဝင်းအောင် -ဒေါ်သဲနုမာ (ရွှေပိတောက်ရိပ်မွန်)၊ ဦးကျော်စိန်(Summer Palace Hotel)၊ ဒေါ်သန်းသန်းအေး (ရွှေကောင်းဟော့ပေါ့)၊ ဦးနေဝင်း-ဒေါ်စန်းစန်းဝင်း (High Grade Top)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးလှမြင့် (ကေသီပန် တိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်း)နှင့် ဦးမောင်သောင်း (အောင်သောင်းလျှပ်စစ်ကုမ္ပဏီ)တို့က ငွေကျပ် ၁၀၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ စာသင်တိုက်များမှ ဆရာတော်များကိုယ်စား ဒုတိယတိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ယင်းနောက် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ ဗိုလ်မှူးကျော်စိုးက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

အမျှပေးဝေ

ထို့နောက် သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာဂရက အနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အလှူတော်ငွေ

ကမာရွတ်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ယနေ့လှူဒါန်းမှု အစုစုတို့မှာ ဆွမ်းဆန်တော် ၅၁အိတ်နှင့် ၁၈ပြည်၊ ဆီ ၂၉ပိဿာနှင့်၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၂၉၄ပိဿာ၊ သွားတိုက်ဆေးဘူး ၅၉ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၅၈၆ ဘူး၊ ပဲ ၅၈ ပိဿာနှင့် ၈၀ကျပ်သား၊ ငရုတ်သီးမှုန့် အထုပ်၁၀၀၀နှင့်ဆွမ်းပဒေသာပင်အလှူတော် ငွေကျပ် ၄၅၀၇၀၀၀ဖြစ်သည်။

(သတင်းစဉ်)

ဆွမ်းပဒေသာပင်

ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ၁၆တိုက်နှင့် သီလရှင်စာသင်တိုက်တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းပွဲတွင် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ယီမင်အရှေ့တောင်ပိုင်း၌ ရေလွှမ်း ငါးဦးသေဆုံး၊ နေအိမ်များ ရေနစ်မြုပ်

အဒန် ဇူလိုင် ၂၀

ယီမင်နိုင်ငံ အရှေ့တောင်ပိုင်း အဒန်မြို့တွင် ဇူလိုင် ၂၀ရက် နံနက်ပိုင်းမှ စတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် နေအိမ်များ ရေလွှမ်းပြီး ငါးဦးသေဆုံးကာ နှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ယီမင်နိုင်ငံ သဘာဝဘေးဆိုင်ရာအရာရှိများက ပြောကြားသည်။

ပြောကြား

ယီမင်နိုင်ငံအရှေ့တောင်ပိုင်းကမ်းလွန် အဒန်ပင်လယ်ကွေ့မှ လေပြင်းများ တိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း၊ ဓာတ်တိုင်များ ပြိုလဲခဲ့ပြီး နေအိမ်များ ဓာတ်အားပြတ်တောက်သွားကြောင်း ၄င်းတို့က ပြောကြားသည်။

ပစိဖိတ်တောင်ဘက် ဆန်တာခရုဇ်ကျွန်းစုတွင် အင်အားပြင်းငလျင်လှုပ်

ဟောင်ကောင် ဇူလိုင် ၂၀

ပစိဖိတ်သမုဒ္ဒရာတောင်ဘက် ဆန်တာခရုဇ်ကျွန်းစုကမ်းလွန်တွင် ဇူလိုင်၂၀ရက် နံနက်က ရစ်ချ်တာ စကေး ၆ ဒသမ ၇ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း တရုတ် အမျိုးသား မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

သေဆုံးမှုမရှိ

အဆိုပါ ငလျင်ကြောင့် ဆန်တာခရုဇ်ကျွန်းစုနှင့် ဆော်လမွန်ကျွန်းစုရှိ ဟိုနီရာရာမြို့တို့တွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားပြီး ပျက်စီးမှုအနည်းငယ်ရှိခဲ့ကြောင်း၊ ထိခိုက် သေဆုံးမှုမရှိကြောင်း သိရသည်။

အမေရိကန်အရှေ့ပိုင်း၌ ကမ်းရိုးတန်းမုန်တိုင်းတိုက်ခတ် နေအိမ်များပျက်စီး၊ ရေလွှမ်းမှုဖြစ်ပေါ်

မီယာမီ ဇူလိုင် ၂၀

အမေရိကန်နိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းဒေသသို့ ဇူလိုင်၂၀ရက် နံနက်က ခရစ်တိုဘယ်လ်အမည်ရှိ မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန်အမျိုးသား မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

မိုးသည်းထန်စွာ ရွာသွန်း

ခရစ်တိုဘယ်လ်မုန်တိုင်းသည် တစ်နာရီ ၇၅မိုင်နှုန်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြောက်ကယ်ရိုလိုင်းနားပြည်နယ် အရှေ့တောင်ပိုင်းဒေသများတွင် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါမုန်တိုင်းကြောင့် နေအိမ်များပျက်စီးခဲ့ပြီး သစ်ပင်များပြိုလဲကျခဲ့ကြောင်း၊ လမ်းများရေလွှမ်းခဲ့သဖြင့် သွားလာရေးပြတ်တောက်သွားကြောင်း၊ ၄င်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံဘက်သို့ ဦးတည်တိုက်ခတ်သွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆေးကိုယ်စားလှယ်များတွေ့ဆုံ ဆွေးနွေးပွဲ

ရန်ကုန် ဇူလိုင် ၂၀

(၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇူလိုင် ၂၆ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပွဲတော်

တရုတ်အမျိုးသမီး ဘောလုံးအသင်း ပြင်ဆင်

ပေကျင်း ဇူလိုင် ၂၀

၂၀၀၈ပေကျင်း အိုလံပစ်အားကစားပွဲတော်ကို လာမည့် သြဂုတ် ၈ရက်မှာ စတင် ကျင်းပတော့မှာမို့ တဖြည်းဖြည်းနဲ့ အချိန်နီးကပ်လာပြီဖြစ်ပါတယ်။ ပြိုင်ပွဲကျင်းပရမယ့်အချိန် နီးကပ်လာတာနဲ့အမျှ တရုတ်အားကစားသမားတွေရဲ့ လေ့ကျင့်မှုတွေကလည်း အရှိန်အဟုန်မြင့်လာတာမို့ ဒီလို လေ့ကျင့်နေတဲ့ အားကစားသမားတွေထဲမှာ တရုတ်အမျိုးသမီးဘောလုံးအသင်း အနေအထားကို ဖော်ပြလိုက်ပါတယ်။

စခန်းသွင်းလေ့ကျင့်

တရုတ်နိုင်ငံရဲ့ အိုလံပစ် အမျိုးသမီးဘောလုံးအသင်းကို နည်းပြအဖြစ် တာဝန်ယူနေသူကတော့ ရှန်ရှိုင်ဟွာပဲ ဖြစ်ပါတယ်။ အသက် ၂၃နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရှန်ရှိုင်ဟွာဟာ ပြီးခဲ့တဲ့ဧပြီလကတည်းက တရုတ်အမျိုးသမီးဘောလုံးအသင်းကို စခန်းသွင်း လေ့ကျင့်နေခဲ့တာ ဖြစ်ပါတယ်။ တရုတ်အမျိုးသမီးအသင်းကို နည်းပြ ရှန်ရှိုင်ဟွာ တာဝန်ယူခဲ့တာဟာ ကြာခဲ့ပြီဖြစ်တာမို့ တရုတ်အမျိုးသမီး ဘောလုံးသမားတွေရဲ့ အထာ၊ အားသာချက်နဲ့ အားနည်းချက်တွေကို အကုန်သိထားသူ ဖြစ်ပါတယ်။

ယုံကြည်နေ

ဒါပေမယ့် အခု၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ပြိုင်ပွဲဝင်မယ့် တရုတ်အမျိုးသမီး ဘောလုံးအသင်းကို အရင်ကစားသမားတွေမဟုတ်ဘဲ လူဟောင်းနဲ့လူသစ်တွေ ရောပြီး ပြန်လည်ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ တရုတ်အမျိုးသမီး အသင်းမှာ ကစားသမားအချို့ ဒဏ်ရာရနေတာမို့ ပြိုင်ပွဲမစတင်မီမှာတော့ ပြန်လည်ကောင်းမွန်လာမယ်လို့တော့ နည်းပြရှန်ရှိုင်ဟွာ ယုံကြည်နေပါတယ်။

အုပ်စု(င)၌ ပါဝင်

တရုတ်အမျိုးသမီး ဘောလုံးအသင်းဟာ ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်၌ အုပ်စု(င)မှာ ပါဝင်ပြီး ဆွီဒင်၊ အာဂျင်တီးနား၊ ကနေဒါတို့နဲ့ တစ်အုပ်စုတည်း ကျနေပါတယ်။ ဒီအုပ်စုမှာတော့ ဆွီဒင်အသင်းဟာ အကောင်းဆုံး အနေအထားရှိပြီး အုပ်စုပထမနဲ့ နောက်တစ်ဆင့်တက်ဖို့ ရေပန်းစားနေတဲ့ အသင်း ဖြစ်ပါတယ်။ တရုတ်အသင်းကတော့ အုပ်စု(င)မှာ ဒုတိယ နေရာကနေပြီး အုပ်စုတက်မယ်လို့တော့ ကြိုတင်သုံးသပ်နေကြပါတယ်။

မျှော်မှန်းထား

တရုတ်အမျိုးသမီး ဘောလုံးအသင်းဟာ ၂၀၀၈ပေကျင်း အိုလံပစ်ပွဲတော်မှာ အနိမ့်ဆုံးအကြိုဗိုလ်လုပွဲအထိတက်ရောက်နိုင်တယ်လို့ နည်းပြရှန်က မျှော်မှန်းထားပါတယ်။ တရုတ်အသင်းရဲ့ လက်ရှိအခြေအနေဟာ အကောင်းဆုံး အနေအထား ရှိနေပြီး ခြေစမ်းပွဲတွေမှာလည်း ရလဒ်တွေကောင်းထားတာမို့ အုပ်စုကနေ နောက်တစ်ဆင့်တက်မှာ ဖြစ်တယ်လို့ ဆိုနေပါတယ်။

လေ့ကျင့်

တရုတ် အမျိုးသမီး ဘောလုံးအသင်းနည်းပြ ရှန်ရှိုင်ဟွာနှင့် ဘောလုံး အားကစားမယ်များကို တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

ရေပန်းစား

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်မှာ အမျိုးသမီးဘောလုံး ပြိုင်ပွဲမှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အသင်းတွေကတော့ ဂျာမနီ၊ အမေရိကန်၊ ဘရာဇီးအသင်းတို့ပဲဖြစ်ပြီး ရေပန်းအစားဆုံးကတော့ ဂျာမနီ အမျိုးသမီးဘောလုံးအသင်းပဲ ဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ ၂၀၀၇ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးချန်ပီယံအသင်းဖြစ်ပြီး အသင်းလိုက်ကစားအား၊ တစ်ဦးချင်းစွမ်းရည်တွေလည်း ကောင်းမွန်တာမို့ ၂၀၀၈ပေကျင်း အိုလံပစ်မှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေခြင်း ဖြစ်ပါတယ်။ ဂျာမနီအသင်းမှာ နောက်ခံ ကစားသမား အာရိမ်ဟန့်၊ ကွင်းလယ် ကစားသမား လင်ဂေါနဲ့ တိုက်စစ်မှူး ပရင့်ဇ်တို့က နာမည်ကြီးသူတွေပါပဲ။

အမေရိကန် အမျိုးသမီးဘောလုံးအသင်းနဲ့ ဘရာဇီး အမျိုးသမီးဘောလုံးအသင်းတွေကတော့ ၂၀၀၈ ပေကျင်း အိုလံပစ်မှာ နာမည်ကြီးနေပေမယ့် တရုတ်အမျိုးသမီးဘောလုံးအသင်းဟာ စိတ်ဓာတ်ကောင်းကောင်း၊ စုစည်းမှု ကောင်းကောင်းနဲ့ အောင်မြင်မှုတွေရရှိအောင် နည်းပြရှန်ရှိုင်ဟွာက ပြောကြားနေတာမို့ ဘယ်လောက်အထိ အောင်မြင်နိုင်မယ်ဆိုတာတော့ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ၌ ဘောလုံးပြိုင်ပွဲများကျင်းပမည့် ရှန်ယန်အားကစားကွင်းမြင်ကွင်း။
(ဆင်ဟွာဓာတ်ပုံ)

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ကမ္ဘာ့အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဂျပန်နှင့်တရုတ်အသင်းတို့ ယှဉ်ပြိုင်

အိုဆာကာ ဇူလိုင် ၂၀

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ဇူလိုင် ၁၉ရက်က ကျင်းပသော ကမ္ဘာ့အမျိုးသား ဘော်လီဘောဖလားပြိုင်ပွဲ၌ ဂျပန်နှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တရုတ်အသင်းက သုံးပွဲပြတ် ရှုံးနိမ့်ခဲ့သည်။

လက်ရည်စမ်း

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်၌ တရုတ်အမျိုးသား ဘော်လီဘောအသင်း ပါဝင်ယှဉ်ပြိုင်ရန် ယခုပွဲကို လက်ရည်စမ်းပွဲအနေဖြင့် ကစားခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

၂၀၀၈ ပေကျင်း အိုလံပစ် သတင်း ဓာတ်ပုံ



လက်ဆင့်ကမ်း

၂၀၀၈ပေကျင်း အိုလံပစ်မီးရှူးတိုင်ကို ဇူလိုင် ၁၉ရက်က တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် အရှေ့မြောက်ပိုင်း တာ့လျံမြို့သို့ ရောက်ရှိလာရာ တရုတ်ပြေးခုန်ပစ် အားကစားမယ် ကျင်စီရာက လက်ဆင့်ကမ်းသယ်ဆောင်နေသည်ကို တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တရုတ်အမျိုးသားလက်ရွေးစင် ဘတ်စကက်ဘောအသင်း အင်ဂိုလာအသင်းနှင့် လက်ရည်စမ်း

တရုတ်အမျိုးသား ဘတ်စကက်ဘောအသင်းခေါင်းဆောင် လောင်မင်း။

ဟန်ကျို့ ဇူလိုင် ၂၀

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်အကြို လက်ရည်စမ်းပွဲအဖြစ် တရုတ်အမျိုးသား လက်ရွေးစင်ဘတ်စကက်ဘောအသင်းနှင့် အင်ဂိုလာအမျိုးသားလက်ရွေးစင် ဘတ်စကတ်ဘော အသင်းတို့ ဇူလိုင် ၂၀ရက်က တရုတ်နိုင်ငံ ဟန်ကျို့၌ ယှဉ်ပြိုင်ကစားကြသည်။

ပြောကြား

တရုတ်အမျိုးသား လက်ရွေးစင်ဘတ်စကက်ဘောအသင်းသည် အင်ဂိုလာအသင်းကို ၇၁မှတ်-၇၂မှတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မိမိတို့အသင်း၌ အားနည်းချက်အချို့ကို ပြင်ဆင်ပါက ၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်၌ အောင်မြင်မှုများ ရယူနိုင်မည်ဖြစ်ကြောင်း အသင်းခေါင်းဆောင် လောင်မင်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တိုက်စစ်မှူးကာကာအား ရောင်းချမည်မဟုတ် အေစီမီလန်က ချယ်လ်ဆီးအား အသိပေးပြောကြား

မီလန် ဇူလိုင် ၂၀

ယခု ဘောလုံးရာသီတွင် ဘရာဇီးနှင့် အေစီမီလန်တိုက်စစ်မှူးကာကာ**(ယာပုံ)**အား ချယ်လ်ဆီးအသင်းက ခေါ်ယူရန်ဆက်သွယ်နေသည်ဟုသတင်းများ ထွက်ပေါ်ခဲ့သော်လည်း ကာကာအား ရောင်းမည်မဟုတ်ကြောင်း အေစီမီလန်အသင်း တာဝန်ရှိသူများက သတိပေးပြောကြားလိုက်သည်။



တုံ့ပြန်သတင်းထုတ်ပြန်

ကာကာသည် စတမ်းဖို့ဒ်ဘရစ်သို့ ပြောင်းရွှေ့ရန် ဆန္ဒမရှိဟု ပြောကြားခဲ့ကြောင်း ၄င်း၏အေးဂျင့် ဒိုင်ယိုဂိုကော့စကို၏ ပြောကြားချက်ကို အခြေခံပြီး စီးရီးအေအသင်း အေစီမီလန်က တုံ့ပြန်သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ထုတ်ဖော်ပြောကြား

ပြီးခဲ့သည့်နွေရာသီက စပိန်ထိပ်သီးအသင်း ရီးရဲမက်ဒရစ်က ကာကာအား ပေါင်၇၁သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း အေစီမီလန်အသင်းက ထိုကမ်းလှမ်းမှုကိုလက်မခံခဲ့ကြောင်း ကာကာ၏အေးဂျင့်က သည်ဂါးဒီးယန်းသတင်းစာသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အတူ ကာကာအား ချယ်လ်ဆီးအသင်းက စံချိန်တင်ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ၂၁၅သန်းဖြင့် ခေါ်ယူရန်ကြိုးစားခဲ့ကြောင်း ကာကာ၏အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

အဆိုပါ ပြောင်းရွှေ့ကြေးသည် ၂၀၀၁ ခုနှစ်က ပြင်သစ်ကွင်းလယ်ကစားသမားဇီဒန်းအား ဂျူဗင်းတပ်စ်မှ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရာတွင် ပေါင် ၄၅ ဒသမ ၆၂ သန်း (ဒေါ်လာ ၁၂၃သန်း) စံချိန်တင်ငွေကြေးထက် များစွာပိုမိုခဲ့ကြောင်း ၄င်းကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မန်စီးတီး လက်လွှတ်ခဲ့ရသည့် ရော်နယ်ဒင်ဟို

လန်ဒန် ဇူလိုင် ၂၀

ဘရာဇီးနှင့် ဘာစီလိုနာကစားသမား ရော်နယ်ဒင်ဟိုအား ယခုနှစ်ဘောလုံးရာသီ၌ မိမိတို့ ခေါ်ယူနိုင်ခြင်းမရှိခဲ့သော်လည်း လာမည့်ဘောလုံးရာသီ၌ ခေါ်ယူနိုင်မည်ဖြစ်ကြောင်း မန်စီးတီးကလပ်မှတာဝန်ရှိသူများက ဇူလိုင်၂၀ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပြောကြား

ရော်နယ်ဒင်ဟိုအနေဖြင့် ပရီမီယာလိဂ်သို့လာရောက်ကစားလိုသောဆန္ဒဖြစ်ပေါ်အောင် မိမိတို့ ကြိုးစားသွားမည်ဖြစ်ပြီး ရော်နယ်ဒင်ဟို၏ အခြေအနေကို မိမိတို့အချိန်ပြည့် သတိထားစောင့်ကြည့်သွားမည်ဖြစ်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ကောင်းမွန်သူ

မန်စီးတီးတွင် ရော်နယ်ဒင်ဟိုကဲ့သို့ ကစားသမားမျိုးလိုအပ်နေကြောင်း၊ ရော်နယ်ဒင်ဟို၏ ဘောလုံးကစားမှု ကျွမ်းကျင်ခြင်းသည် ကမ္ဘာ့ဘောလုံးလောက၌ နှစ်ယောက်မရှိနိုင်ကြောင်း၊ ထို့အပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာ၌လည်း ကောင်းမွန်သူဖြစ်ကြောင်း ၄င်းတို့ကပြောကြားသည်။

လက်လွှတ်ခဲ့ရ

ရော်နယ်ဒင်ဟို၏ အေးဂျင့်ဖြစ်သူက မန်စီးတီးနှင့် ညှိနှိုင်းခဲ့ရာတွင် တစ်ပတ်လုပ်ခလစာနှင့် အရပ်ရပ်ဝင်ငွေ အမေရိကန်ဒေါ်လာလေးသိန်းတောင်းဆိုခဲ့ရာ မန်စီးတီးက ယင်းငွေကြေးပမာဏကို လက်တွန့်ခဲ့သဖြင့် ရော်နယ်ဒင်ဟိုကို လက်လွှတ်ခဲ့ရခြင်း ဖြစ်သည်။ **(အင်တာနက်)**

ရှိုင်ရယ်ဘာ့ခ်ဒေးအိုးပင်းဂေါက်ရိုက်ပြိုင်ပွဲ ခရစ်ဝုဒ် ဒုတိယ၌ ရပ်တည်

လန်ဒန် ဇူလိုင် ၂၀

ရှိုင်ရယ်ဘာ့ခ်ဒေးအိုးပင်းချန်ပီယံ ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအဆင့်တွင် ဦးဆောင်နေသူ ဂရက်ဂ်နော်မာန်ထက်ရိုက်ချက်ခြောက်ချက်ပိုရိုက်ကာ ဒုတိယနေရာမှလိုက်နေသူအသက် ၂၀ ရှိ ခရစ်ဝုဒ်က မိမိသည် ၁၉၃၀ပြည့်နှစ်ကတည်းက ယခုပြိုင်ပွဲတွင် ပထမဦးဆုံးအောင်မြင်မှုရသော အပျော်တမ်းဂေါက်သီးရိုက်ကစားသမားဖြစ်လာကြောင်းပြောကြားခဲ့သည်။ ခရစ်ဝုဒ်သည်တတိယအဆင့်ပတ်လည်ပြိုင်ပွဲတွင်စုစုပေါင်း၇၃ချက်ရိုက်ခဲ့သည်။

အောင်မြင်မှုရရှိ

ယင်းဂေါက်ရိုက်ပြိုင်ပွဲတွင် နောက်ဆုံးအောင်မြင်မှုရရှိခဲ့သော အပျော်တမ်းဂေါက်သီးသမားမှာ ဘော်ဘီဂျုံးဖြစ်ပြီး ၁၉၂၆ခုနှစ်၊ ၁၉၂၇ခုနှစ်နှင့် ၁၉၃၀ပြည့်နှစ်တို့တွင် အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်သည်။**(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

မန္တလေးတိုင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ဆောက်လုပ်လှူဒါန်းသော အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၄ရက်က မန္တလေးတိုင်း အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ဝင်းအတွင်း၌ ကျင်းပသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီတို့ တံတားဦးမြို့ ရေသဖန်းကျောင်းဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (စက်မှု-၁)

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဒွိလှနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ ဌာနခွဲမှူး ဒေါ်သီသီတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မဟာဂန္ဓာရုံကျောင်းတိုက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ထွန်းက အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းဆောင်သစ် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များသည် အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက် ချောမြတ်နွယ် သုံးထပ်ကျောင်းဆောင်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဇနီးဒေါ်ခင်ခင်ရီနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညို၍ ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

အဆိုပါ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် မဟာဂန္ဓာရုံကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်အပါး ၁၂၄၈ပါးတို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် ဗဟို အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် အသင်းဝင်များသည် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ခွဲ မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တအာဝုဓနှင့် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းမည့် ခြုံစောင်အထည် ၁၀၀၀အတွက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ မန္တလေးမြို့ ၈၆-၈၇လမ်း ရုံးသာရပ်နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ကိုနိုင်ဝင်း-မရွှေစင်ထွန်း၊ သား မောင်ရန်နိုင်ထွန်း၊ သမီး မသီရိထွန်း(ဝိုင်အန်တီမော်တော်ယာဉ် ထုတ်လုပ်ရေးမိသားစု)က အလှူငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဇော်မင်းဦး-ဒေါ်ကြူကြူဆွေ မိသားစုက အလှူငွေကျပ်ငါးသိန်းနှင့် ဦးအောင်ဖြိုး-ဒေါ်ညွှန့်ညွှန့်စိန် မိသားစုက အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လက်ခံသည်။

တွေ့ဆုံအမှာစကားပြော

ယင်းနောက် တံတားဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် တံတားဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်ကြည်ညို

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ဇနီးဒေါ်ခင်ခင်ရီ၊မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များသည် တံတားဦးမြို့ ရေသဖန်း ပရိယတ္တိစာသင်ကျောင်းတိုက်အတွင်း၌ သဘာဝဘေးဒဏ်ကြောင့် ပျက်စီး၍ ပြန်လည်ဆောက်လုပ်ပြီးစီးသွားသော သာသနဝေပုလ္လမင်္ဂလာဓမ္မာရုံ အုတ်ကျောင်းတိုက်ကြီး ရေစက်ချပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တက်ရောက်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ် ၆၅၀၀၀ကို ဦးအောင်ထွန်း (၈၆)နှစ်အားရည်စူး၍ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၄၈လမ်း အမှတ် ၁၅၈ နေ ကျန်ရစ်သူမိသားစုက ဂေါပကဦးလှထွန်းနှင့် ဦးအောင်ဆုတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြွက်မှတစ်ဆင့် လူသို့ကူးစက်တတ်သော အသည်းရောင်အသားဝါရောဂါကာကွယ်ရေး

ကျန်းမာရေး သတိပေးနှိုးဆော်ချက်

ကြွက်မှတစ်ဆင့် လူသို့ကူးစက်တတ်သော အသည်းရောင်အသားဝါ (Leptospirosis) ရောဂါဆိုသည်မှာ ကြွက်နှင့်တကွ ကျွဲ၊ နွား၊ ဝက်၊ မြင်း၊ ခွေးနှင့် တောရိုင်းတိရစ္ဆာန်များ၏ ကျင်ငယ်ရည်သည် အစားအသောက်၊ သောက်ရေသုံးရေ၊ မြေကြီးမှတစ်ဆင့် ထိတွေ့မိသောသူသို့ ကူးစက်ဖြစ်ပွားသည့် ရောဂါဖြစ်ပါသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ခံစားရပြီး ရေလွှမ်းမိုးခြင်းခံရသော၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းသော၊ သောက်သုံးရေကောင်း ရရှိရန်ခက်ခဲသောဒေသများတွင် ကူးစက်ပျံ့နှံ့ ဖြစ်ပွားတတ်ပါသည်။

Leptospirosis ရောဂါဖြစ်ပွားလျှင် ဖျားခြင်း၊ ပြင်းထန်စွာ ခေါင်းကိုက်ခြင်း၊ ကြွက်သားကိုက်ခဲနာကျင်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးနီရဲရောင်ရမ်းခြင်းနှင့် ဗိုက်အောင့်ခြင်းများ ဖြစ်ပွားနိုင်ပါသည်။ ထိုရောဂါကို အချိန်မီမကုသပါက ကျောက်ကပ်ပျက်စီးခြင်း၊ ဦးနှောက်အမြှေးရောင်ခြင်းနှင့် အသည်းပျက်စီးခြင်းတို့ ဖြစ်ပွားပြီး အသက်အန္တရာယ် ကျရောက်နိုင်ပါသည်။

အသည်းရောင်အသားဝါ **(Leptospirosis)** ရောဂါမဖြစ်ပွားစေရန်

ကြွက်၊ ကျွဲ၊ နွား၊ ဝက်၊ မြင်း၊ ခွေးတို့၏ ကျင်ငယ်ရည်များ လူတို့၏ အစားအသောက်နှင့် သောက်သုံးရေများတွင် ထိတွေ့မှုမရှိစေရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

(၁) ရေကိုကျိုချက်ပြီးသောက်သုံးကြရန်၊
(၂) အစားအသောက်ပြင်ဆင်ချက်ပြုတ်ရာနေရာများကို သန့်ရှင်းစွာထားရှိကြရန်၊
(၃) ပန်းကန်ခွက်ယောက်များနှင့် အစားအသောက်များကို ဖုံးအုပ်ထားရှိကြရန်၊
(၄) ကြွက်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်၊
(၅) တိရစ္ဆာန်များကို ရေတွင်းရေကန်အနီး ထိန်းကျောင်းခြင်းမပြုလုပ်ကြရန်၊
(၆) တိရစ္ဆာန်များ၏ ကျင်ငယ်ရည်ကျရောက်နိုင်သည့် ရေတွင်းရေကန်များ၊ မြစ်ချောင်းများတွင် ရေကူးခြင်းကိုရှောင်ကြဉ်ရန်၊
(၇) စားကြွင်းစားကျန်များကို တိရစ္ဆာန်များထိတွေ့မှုမရှိစေရန်စနစ်တကျစွန့်ပစ်ကြရန်၊
(၈) ရေစီးရေလာကောင်းအောင် ဆောင်ရွက်ကြရန်၊
(၉) လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးရန်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးကို ဆောင်ရွက်ကြရန်၊
(၁၀) သန့်ရှင်းရေး ဆောင်ရွက်ရာတွင် လက်အိတ်၊ လည်ရှည်သားရေဖိနပ်များ ဝတ်ဆင်၍ လုပ်ဆောင်ကြရန်၊
(၁၁) ရောဂါဖြစ်ပွားမှုသံသယရှိပါက သက်ဆိုင်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာ သတင်းပေးပို့ရန်နှင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ကြပါရန်။

ကျန်းမာရေးဝန်ကြီးဌာန

စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်းမိသားစု၏ ပဉ္စမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၇ရက် ဝါဆိုလပြည့်နေ့က ညောင်တုန်းလမ်းမဓမ္မာရုံကြီး၌ ကျင်းပရာ ကျောင်းတိုက်ကြီး၁၀ကျောင်းမှ သံဃာတော်များအား သင်္ကန်းဒွိစုံ ၁၀၀ကျော်ကို အမှုဆောင်များနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

သီရိဂုဏ်ဝေ ဓမ္မဗိမာန်ကျောင်းတိုက် မဟာထေရ်စံကျောင်းတော်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၀

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြကျေးရွာ (လေးဒေါင့်ကန်)သီရိဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတိုက်တွင် ဆောက်လုပ်ဆဲ မဟာထေရ်စံကျောင်းတော်အတွက် ဗိုလ်ချုပ်စောလွင်(ငြိမ်း)အား ရည်စူး၍ ဒေါ်စဝ်ကြည်မြနှင့် သားသမီးမြေးတစ်စုက ငွေကျပ်သုံးသိန်း၊ ဦးကိုကိုအောင်-ဒေါ်စန္ဒီမြင့်လွင်၊ သမီးသက်နွယ်စိုးတို့က ငွေကျပ်တစ်သိန်း၊ ရဟန်းဒါယကာဦးရင်ဝေဟော့အား ရည်စူး၍ ရဟန်းအမကြီး ဒေါ်လှရီနှင့် သမီးမြေးတစ်စု၊ ဗဟန်းက ကျပ်တစ်သိန်းကို အရှင်ပညာသီဟာဘိဝံသ (ပဉ္စနိကာယ်)ထံ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

ယင်းကျောင်းတိုက်သည် သက်ကြီးရွယ်အိုစစ်မှုထမ်းဟောင်းမိသားစုများအား စရိတ်ငြိမ်း ဝိပဿနာတရားတော်များ အားထုတ်နိုင်စေရန် ဆောင်ရွက်ပေးနေရာ ကုသိုလ်ပါဝင် လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁၅၁၅၁၄၊ ၀၁-၅၉၉၀၅၄၊ ၅၉၉၀၆၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စမ်းချောင်းမြို့နယ် ဗားဂရာကျောင်းတိုက်ဝင်းအတွင်းရှိ ကျောင်းပေါင်း ၃၈ ကျောင်းတွင် ဝါဆိုတော်မူကြမည့် သံဃာတော်အပါး ၆၀၀ကျော်တို့အား ဝါဆိုကထိန်ဥပုသ်သည်များအသင်းက ကြီးမှူး၍ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဝါဆိုလပြည့်ကျော် ၁ရက် ဇူလိုင်၁၈ရက်က ကျင်းပရာ ဗားကရာကျောင်းတိုက် ကိုးထပ်ကြီး ဘုရား ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဦးစရိယထံ ဥက္ကဋ္ဌဦးသန်းနှင့် ဦးအောင်သိန်းတို့က ဆက်ကပ်လှူဒါန်းစဉ်။ (၁၀၃)

ဇူလိုင် ၁၇ရက်က လှိုင်သာယာမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး မိသားစုများက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်စိန်က အမှတ်(၃)ရပ်ကွက် ယတ္တာဘူတကျောင်းတိုက် ပဓာနဆရာတော်ထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၉)

ရခိုင်ပြည်နယ်၏လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည့်

သူငွေ့ရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း

သတင်းဆောင်းပါး - ခတ်ပုံ-မောင်မောင်
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဇူလိုင် ၂၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားပြည့်စုံလုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြစ်သော **"ရေအရင်းအမြစ်ကြွယ်ဝသည့် မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် ရေအားကိုအခြေခံ၍ ဆောင်ရွက်သွားရန်"** ဟူသော လမ်းညွှန်ချက်နှင့်အညီ နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲပြီး အသေးစား၊ အလတ်စားနှင့် အကြီးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခဲ့သည်။ ဆက်လက်၍လည်း ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်အကောင်အထည် ဖော်လျက်ရှိသည်။

နေ့မအား ညမနား

ထိုသို့စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် မြန်မာပြည်တစ်နံတစ်လျားအတွင်း တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ မြစ်ချောင်းအလီလီတို့ကို ခက်ခဲပင်ပန်းစွာ စွန့်စွန့်စားစား သွားရောက်ကြပြီး နေ့မအား ညမနား တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားများအပေါ်ထားရှိသော စေတနာ၊ ပြည်နယ်၊ ပြည်မ တန်းတူရည်တူဖြစ်စေလိုသော ဆန္ဒတို့ဖြင့် နိုင်ငံအဝန်း ကြိုးပမ်းတည်ဆောက်လျက်ရှိသော စီမံကိန်းကြီးများအနက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားရရှိစေရန် ရည်ရွယ်၍ 'သူငွေ့ရေအား လျှပ်စစ်စီမံကိန်း'ကို ရခိုင်ပြည်နယ်တွင် တည်ဆောက်လျက်ရှိသည်။

ခက်ခဲ

ရခိုင်ပြည်နယ်သည် ရှည်လျားသည့်တောင်တန်းများနှင့် ကျယ်ပြန့်သည့် ပင်လယ်ပြင်တို့ကာဆီးထားသည့်အတွက် အခြားဒေသများနှင့် ဆက်သွယ်ရန် အခက်အခဲရှိသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ပြည်နယ်အတွင်း မြစ်ချောင်းများစွာရှိသည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ရန်ကုန်-စစ်တွေပြည်ထောင်စုလမ်းမကြီးနှင့် ရခိုင်ပြည်နယ်၏ တောင်ပိုင်း၊ မြောက်ပိုင်းဆက်သွယ်မှုအပြင် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းများနှင့်ပါဆက်သွယ်သွားလာနိုင်မည့် ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးများကို ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားသုံးငွေ အမြောက်အမြားသုံးစွဲပြီး ခက်ခက်ခဲခဲ၊ ရွှံ့မြေ၊ မြေပျော့၊ ဖြူးတောများကိုGeotextile နည်းဖြင့် လမ်းဖောက်ခဲ့ရသကဲ့သို့ တံတားကြီး ၂၄စင်းနှင့် တံတားအလတ်၊ တံတားအသေးအစင်း ၁၅၀၀ခန့်ပါရှိသည့် လမ်းမကြီးကိုလည်း တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးတိုးတက်ဖြစ်ထွန်းစေလိုသည့်ဆန္ဒဖြင့် မဖြစ်မနေဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ထိုမျှသာမက ပြည်နယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ပြည့်ဝလုံလောက်စွာ ရရှိရေးအတွက်ကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူငွေ့ချောင်းပေါ်တွင် သူငွေ့ရေအားလျှပ်စစ်စီမံကိန်းကို အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

ရခိုင်ပြည်နယ်၌ တည်ဆောက်လျက်ရှိသော သူငွေ့ရေအားလျှပ်စစ်စီမံကိန်းအား အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေးစဉ်။

သူငွေ့ရေအားလျှပ်စစ်

သူငွေ့ရေအားလျှပ်စစ်စီမံကိန်းသည် ရခိုင်ပြည်နယ် သံတွဲမြို့၏အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူငွေ့ချောင်းပေါ်တွင်တည်ရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန်၂၁၂လက်မ မိုးရွာသွန်းလေ့ရှိသော ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ရေဆင်းဧရိယာ ၄၄၂စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှရေထုစီးနှုန်း ၃၃၉၁ကုဗပေ/စက္ကန့်နှင့် နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ၂၃ဒသမ၃၂ သိန်း ဧကပေရှိ သူငွေ့ချောင်းပေါ်တွင် ကန်ရေပြည့်ရေလှောင်ပမာဏ ဖဒသမ၉ဖသိန်း ဧကပေ၊ ကန်ရေသေ ရေလှောင်ပမာဏ၂ဒသမ၂၁သိန်းဧကပေ သိုလှောင်နိုင်မည့် အလျား၂၀၂၈ ပေနှင့် အမြင့် ၂၉၈ပေရှိ ဇုန်အမျိုးအစား(ကျောက်ဖြည့်တမံ)ရေလှောင်တမံတည်ဆောက်ကာ ၃၃ပေ အကျယ်ရှိ သံကူကွန်ကရစ် (Ogee Type)အမျိုးအစား ရေပိုလွှဲနှစ်ပေါက်၊ အချင်း၃၃ပေရှိ ရေလွှဲဥမင် နှစ်ခုပါရှိသော စက်တစ်လုံးလျှင် ၃၇ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက် သုံးလုံး စုစုပေါင်း စက်တပ်ဆင်အင်အား ၁၁၁မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း၃၈ဖသန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ထို့အတူ ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည်လည်း စက်တပ်ဆင် အင်အား ၁၀ မဂ္ဂါဝပ်တပ်ဆင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ရာ အဆိုပါ စီမံကိန်းနှစ်ခုကို အထူးစီမံကိန်းများအဖြစ် အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းနှစ်ခုစလုံးပြီးစီးပါက ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားစုစုပေါင်း ၁၂၁ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်သည်။

သူငွေ့ရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းတို့မှ ရရှိမည့် လျှပ်စစ်ဓာတ်အား ၁၂၁ မဂ္ဂါဝပ်သည် ရခိုင်ပြည်နယ်အတွက် လုံလောက်ရုံသာမက ပိုလျှံလာမည်ဖြစ်ပေသည်။

သူငွေ့ ရေအားလျှပ်စစ် စီမံကိန်း

ရခိုင်ပြည်နယ် သံတွဲမြို့ အရှေ့မြောက်ဘက်၁၂မိုင်ခန့်အကွာ သူငွေ့ချောင်းပေါ်တွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တည်ဆောက်လျက်ရှိသည့် သူငွေ့ရေအားလျှပ်စစ်စီမံကိန်းကို အပေါ်စီးမှ ဤသို့တွေ့ရသည်။

ဖြန့်ဖြူး

ယင်းရေအားလျှပ်စစ်စီမံကိန်းနှစ်ခုမှ ရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ရခိုင်ပြည်နယ်ရှိ သံတွဲ၊ တောင်ကုတ်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ အမ်း၊ ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တော၊ မြေပုံစသည့် နေရာများအားလုံးသို့ လျှပ်စစ်ဓာတ်အားလိုင်း ဆွဲယူနိုင်သမျှ ဓာတ်အားလိုင်းများ တည်ဆောက်ကာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်းနှစ်ခုပြီးစီးပါက ရခိုင်ပြည်နယ်အတွင်း စီးပွားရေး၊လူမှုရေး၊ပညာရေးတို့ ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ရာ တိုင်းရင်းသားပြည်သူတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် စီမံကိန်းများဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဝါးခယ်မ-ကျုံမငေးလမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ဝါးခယ်မ-ကျုံမငေးလမ်းမှာ မိုးရာသီရောက်လာသဖြင့် မော်တော်ယာဉ်များသွားလာမှုကြောင့် လမ်းများပျက်စီး၍ လမ်းပခုံးသားများပဲ့ကျပြီး ရွှံ့ဗွက်အိုင်များဖြစ်လျက်ရှိရာ ခရီးသွား ပြည်သူများသွားလာရန် အခက်အခဲရှိပြီး စက်ဘီးဖြင့်သွားလာရန် အန္တရာယ်ရှိပါသဖြင့် အဆိုပါလမ်းကို ပြုပြင်ပေးပါရန် တင်ပြ အပ်ပါသည်။

စိုးရိမ်သူ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်-

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မြို့မ၄ရပ်ကွက် တောင်စက်ရုံလမ်း အတွင်းပိုင်းတွင် အိမ်ရှေ့ရေနုတ်မြောင်းများရေလျှံ၍ ရေမြောင်းပိတ်ဆို့လျက်ရှိသဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ

တိရစ္ဆာန်မွေးမြူသူများကြောင့် ရောဂါအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက် သုခမြိုင် ၁ ၊ ၂ ၊ ၃လမ်းတို့တွင် နွား၊ ဆိတ်စသည့် တိရစ္ဆာန်မွေးမြူကြသူများသည် လူနေရပ်ကွက်အတွင်း လမ်းမြေနှင့် မြောင်းများ ပိတ်ဆို့ကာ တိရစ္ဆာန်များ၏ အညစ်အကြေးများ၊ စားကြွင်းစားကျန်များ စုပုံထားကြသောကြောင့် အနံ့ဆိုးများ ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများမှာ ရောဂါအန္တရာယ်အတွက် စိုးရိမ်နေကြရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သုခမြိုင်လမ်းသားများ

မြောင်းပိတ်အမှိုက်မှ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်-

ရန်ကုန်မြို့ လမ်းမတော်ပလာဇာ နောက်ဖေးလမ်းကြား (၁၇လမ်းနှင့် လမ်းမတော်လမ်းကြား)တွင် အပေါ်ထပ်များမှပစ်ချသော အမှိုက်များကြောင့် မြောင်းများမှ အနံ့ဆိုးများထွက်နေသည့်အပြင် ခြင်၊ ယင်၊ ကြွက်များကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းမတော်သား

သစ်စက်မှ ဆူညံသံနားမခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၃ရပ်ကွက် ဓမ္မာရုံလမ်းရှိ သစ်စက် တစ်စက်သည် သစ်များခွဲစိတ်ခြင်း၊ လျှာထိုးခြင်း လုပ်ငန်းများကို နေ့စဉ် နံနက် ၈နာရီမှ ညနေ၆နာရီခန့်အထိ လူနေရပ်ကွက်အတွင်း လုပ်ကိုင်လျက်ရှိရာ သစ်ခွဲစိတ်သံနှင့် အင်ဂျင်စက်သံတို့၏ ဆူညံမှုကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါ သစ်စက်အား ရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ဓမ္မာရုံလမ်းသားများ

ရေမြောင်းပိတ်ဆို့မှုကြောင့် လမ်းသွားလမ်းလာများအခက်ကြုံ

စာတည်းခင်ဗျား-

ပဲခူးတိုင်း ဇီးကုန်းမြို့ အမှတ် ၅ ရပ်ကွက် ဈေးလမ်းရှိ ရေမြောင်းများမှာ ရေစီးဆင်းမှုမရှိဘဲ ပိတ်ဆို့နေပါ၍ လမ်းပေါ်တွင် ရေအိုင်နှင့် ရွှံ့ဗွက်ကြီးများ ဖြစ်ပေါ်လျက်ရှိရာ လမ်းသွားသူများ အခက်အခဲနှင့် ကြုံတွေ့နေရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးလမ်းသား

ကြက်မွေးမြူရေး ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

မကွေးမြို့ ရန်ကင်းရပ် ဘော်ဒါဆောင်ဝင်းအနီး ယုဇနလမ်းနှင့် ဇီဇဝါလမ်းကြားစီလမ်းရှိ လူနေရပ်ကွက်အတွင်း စီးပွားဖြစ်မွေးမြူထားသော ကြက်မွေးမြူရေးခြံမှ အနံ့ဆိုးများကြောင့် ကျန်းမာရေး ထိခိုက်ရပါသဖြင့် လူနေရပ်ကွက်နှင့် ဝေးရာသို့ ရွှေ့ပြောင်းမွေးမြူစေရေး စီစဉ်ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ရန်ကင်းရပ်ကွက်သား

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

၂၃-၆-၂၀၀၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက်ရှိ ရေမြောင်းရေစီးဆင်းမှုမရှိပါ၍ သွေးလွန်တုပ်ကွေး အန္တရာယ်စိုးရိမ်နေရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

အနံ့ဆိုးများ ရှင်းလင်းဆောင်ရွက်ပြီးစီး

၂၈-၁-၂၀၀၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ငူမြို့၌ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်**ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကျောက်မဲမြို့နယ် စည်ပင်သာယာအဖွဲ့ လေးလက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်

ကျောက်မဲ ဇူလိုင် ၁၅

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် စခန်းသာကျေးရွာ လေးလက်မအချင်း စက်ရေတွင်းတူးဖော်သည့် လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးနိုင်တို့ ဇူလိုင် ၈ ရက်က ကွင်းဆင်းကြီးကြပ်ရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာဦးဗိုလ်ဌေးက ရေတွင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ရေဖူလုံမည်

အဆိုပါရေတွင်းမှာ အနက် ၂၀၅ပေတွင် ရေထွက်နှုန်း တစ်နာရီလျှင် ဂါလန် ၁၅၀၀နှုန်းထွက်ရှိသဖြင့် စခန်းသာကျေးရွာရှိ အိမ်ခြေ ၁၅၀မှလူဦးရေ ၈၀၃ဦးအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဟုသိရသည်။ **(ခရိုင် ပြန်/ဆက်)**

သီပေါမြို့နယ် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းဆွေးနွေး

သီပေါ ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဇွန် ၂၄ရက် နံနက် ၁၀နာရီက မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ စာဖတ်ဝိုင်းတွင် ကျောက်မဲခရိုင် ဦးစီးအရာရှိ ဦးညွန့်ဆောင် တက်ရောက်ဆွေးနွေးသည်။

ရှေးဦးစွာ သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည့် ကျော်ရဲမင်း၏ သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏မေတ္တာစေတနာများ ဆောင်းပါးကို ရုပ်သံကျွမ်းကျင်(၃) ဒေါ်ခင်နီလာစိုးနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးနေစိုးဟန်တို့က ဖတ်ကြားကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးညွန့်ဆောင်က လေဘေးသင့်ဒဏ်ခံရသည့် ပြည်သူများအတွက် နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းကြောင်း သိရသည်။ **(ဝ၂ဝ)**

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ဆားတောင်စံပြကျေးရွာကြီးတွင် အသစ်ဆောက်လုပ်လျက်ရှိသော ခုတင်၄၀ဆံ့ သီတဂူ ဗြဟ္မာယုတိုက်နယ်ဆေးရုံ လိုရာသုံးရန်အတွက် နှစ်ဖက်သောမိဘ ဦးဘဇန်-ဒေါ်ခင်တင့်(မိတ္ထီလာ)နှင့် ဦးသောင်းညွန့်-ဒေါ်ဒေါ်ဆိုး(ဆားတောင်)တို့ကို အမှူးထား၍ အမှတ် ၄၅ဒဂုံသီရိလမ်း ကျောက်မြောင်း (တာမွေ)ရပ်ကွက်နေ ဦးခင်မောင်တင်-ဒေါ်ခင်စန်းညွန့်မိသားစုက ငွေကျပ်ငါးသိန်းကို အဆိုပါဆေးရုံဖြစ်မြောက်ရေးအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဂန္ဓာမြိုင်စံပြ ပရဟိတသာသနာပြုကျောင်းတိုက် ပဓာနနာယက (ဗဟုဇနဟိတဓရ ဓမ္မကထိက) ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနန္ဒာသာ အရှင်သူမြတ်ထံ ဇူလိုင် ၁၅ရက်က ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်တော်မူစဉ်။

(က-ပ)

ဆေးတက္ကသိုလ်(၂) ရန်ကုန်နောက်ဆုံးနှစ် အပိုင်း(က)မှ ကျောင်းသား ကျောင်းသူများ ဆိပ်ဖြူမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်စိုးစိုးကြည် လိုက်ပါလျက် ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကို ဇွန် ၂၅ ရက်က လက်တွေ့ကွင်းဆင်း လေ့လာကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရပ်ကွက် ၂၁၊ အမှတ်၂၃၆ရှိ မြေကွက် (၆၀×၄၀)ပေ နံကပ်တစ်ထပ်၊ မီးပါ၊ အဝီစိတွင်းပါ၊ အုတ်တံတိုင်းကာရံပြီးနှင့် ရပ်ကွက်၂၁ အမှတ်၂၁၀ မြိတ်လမ်းရှိ မြေကွက် (၆၀×၄၀)ပေ (နံကပ်၊ နှစ်ထပ်၊ မီးပါ)တို့အား ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၂-၁၁၄၈၁၊ ၀၉-၅၀-၀၁၄၆၈။

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သတ/၂၉၂၂ Kenbo Dream ဆိုင်ကယ် လက်ဝယ်ရှိသူ ဦးမိုးကျော်သူ ၁၁/သတန(နိုင်) ၀၆၉၂၆၀ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ပြည်နယ်ရုံး(စစ်တွေ)သို့လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)။

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်သတ/၂၈၁၈၊ ဟွန်ဒါ ၁၁၀ ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးရန်နောင်ထွန်း ၁၁/သတန(နိုင်) ၀၅၀၈၇၁ က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ ပြည်နယ်ရုံး(စစ်တွေ)။**

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စတ/၂၁၉၆ လုံစင်းဒရိမ်း ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးမှုဟာမတ်ဟာရှိမ်း ၁၁/မတန(နိုင်)၁၆၃၁၁၅ က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်သတင်းစာတွင်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ ပြည်နယ်ရုံး(စစ်တွေ)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၂၇၃၉ ဟန်စင်း ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း မှတ်ပုံတင်အမှတ် AMA-၀၉၇၈၄၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) အမှုပြီးဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၂၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်းမြို့)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၁၉၄၆ Super Mandalar SM101, Jeep (၄×၄)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဇင်ပွင့် မှတ်ပုံတင်အမှတ် ၁၂/ မဂတ(နိုင်)၀၇၀၂၅၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် (၇)ရပ်ကွက်၊ အမှတ် ၂၅၁၊ အခန်း(၇)လေးလွှာ၊ (ဝဲဘက်ခန်း) ဆိပ်ကမ်းသာလမ်း အကျယ်အဝန်းအားဖြင့် ၂၅ပေ×ပေ၆၀အကျယ်ရှိ တိုက်ခန်း ဥပစာနှင့်တကွ ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကြိုးလိုင်းတယ်လီဖုန်းတစ်လုံး၊ အိမ်သုံးမီတာတစ်လုံး၊ အိမ်သုံး ပါဝါမီတာ တစ်လုံး၊ ရေစက်မော်တာ တစ်လုံး၊ တိုက်ခန်းတွင် တပ်ဆင်ထားသော ပစ္စည်းပစ္စယအားလုံးတို့နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တိုက်ခန်းဥပစာ လက်ဝယ်ရှိပိုင်ရှင် ဒေါ်နော်ဂိုဒီဝင်း ၁၂/ကတတ(နိုင်)၀၂၁၀၅၉၏ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်ရှေ့မှောက်တွင် လွှဲအပ်ထားသော မှတ်ပုံတင် အထွေထွေ ကိုယ်စားလှယ် လွှဲစာအမှတ်-၅၁၉၂/၂၀၀၈ဖြင့် လွှဲအပ်ခြင်းခံထားရသူ ဦးရင်ထွန်း ၁၂/အစန(နိုင်)၀၄၆၁၁၅နှင့် ဒေါ်ဆွေဆွေမီဦး ၇/ပမန(နိုင်)၀၈၈၄၉၆ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေကို ၁၆-၇-၂၀၀၈ရက်၌ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းဥပစာနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ဥပဒေနှင့်ညီညွတ်သည့် အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေဝင်း(တရားရုံးချုပ်ရှေ့နေ) စဉ်-၄၉၄၃
တိုက်အမှတ် ၅၊ အခန်းအမှတ် ၆၊ ဘုရင့်နောင်အိမ်ရာစခန်း၊
၁၁လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

မီးထိုးဆီသယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သရက်ဘိလပ်မြေစက်ရုံနှင့် ပုသိမ်မှန်စက်ရုံသို့ ရေနံချက်စက်ရုံများမှ မီးထိုးဆီများကို သယ်ယူပေးနိုင်ရန် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။ ဈေးနှုန်းလွှာများကို ၃၀-၇-၂၀၀၈ ရက် ညနေ ၁၆း၀၀နာရီနောက်ဆုံးထား၍ လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းအမှတ်- ၀၆၇-၄၀၈၀၇၄၊ ၀၆၇-၄၀၈၃၆၀။
မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း
အမှတ်(၁)စက်မှုဝန်ကြီးဌာန၊
ရုံးအမှတ်(၄၁)၊ နေပြည်တော်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၁၁၀၃၂ ယာဉ်လက်ဝယ်ရှိသူ ဦးလာအာဒီး မှတ်ပုံတင်အမှတ် ၁/မကန(နိုင်)၀၄၇၇၃၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ မြစ်ကြီးနားမြို့။**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် တက/၁၆၇၂၃ ယာဉ်အမျိုးအစား-ဟွန်ဒါ ယာဉ်လက်ဝယ်ရှိသူ မဖုန်းမာမြင့် မှတ်ပုံတင်အမှတ် ၁၃/ညရန(နိုင်)၀၅၉၈၉၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနရုံး၊ (တောင်ကြီး)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၉၉၉၆ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သိန်း မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်) ၀၆၆၇၀၄က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

ကြော်ငြာစာ

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ခ)ရပ်ကွက်၊ အကွက်အမှတ် သ/၈၊ ဦးပိုင်အမှတ် ၇၈၊ ၆၅လမ်းနှင့် ၆၇လမ်းကြား သာယာဝတီမင်းကြီးလမ်းနှင့် ပျူစောထီးလမ်းကြား၊ ဗိုလ်ကြီးအောင်ဖြူ(ခ) အောင်နိုင်(ငြိမ်း) အမည်ပေါက် ဂရန်မြေကွက်အား ဦးအောင်ဖြူ(ခ) အောင်နိုင် မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၁၀၆၂၄မှ အမှုတွဲအမှတ် ၀၇၁၀/၂၀၀၈-၂၀၀၉ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ပဲခူးခရိုင်တရားရုံးတော်၌
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၆

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ကဝမြို့။	နှင့်	၁။ ဦးသောင်းကြည် ၂။ ဒေါ်ရွှေပေါ
တရားနိုင်		**တရားရှုံးများ**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၅၉ တွင်ရရှိသော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၈ခုနှစ် ဩဂုတ် ၂၈ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချရမည့်ပစ္စည်းစာရင်း

ပဲခူးတိုင်း ကဝမြို့နယ် ကုန်းကြီးကျေးရွာ ကွင်းအမှတ်(၁၁၁၈-ခ)၊ ဦးပိုင်အမှတ် (၃/၄/၁)၊ ဧရိယာ ၀ဒသမ၁၉၈ကေရှိ မြေနှင့် ယင်းမြေပေါ်ရှိ တည်ဆောက်ထားသော သုံးပင်၊ ခြောက်ပင်(၂၁×၄၆) ပေရှိ သွပ်မိုး၊ အုတ်ပတ်ကားကာ နှစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်၄၅သိန်း။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချရမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်ငွေး
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သား မောင်အဂျေးကူးမား (ခ)ညီညီ ၁/မကန(နိုင်)၁၀၀၁၆၉သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှင့်မိသားစုအပေါ် စိတ်ဆင်းရဲဒုက္ခအမျိုးမျိုးပေးပြီး ၉-၇-၂၀၀၈ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် လူမှုရေး၊ ငွေကြေးကိစ္စပြဿနာများအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးရာဂျူး-ဒေါ်တင်စိန်
အမှတ် ၆၅၊ မင်းရပ်
မြစ်ကြီးနားမြို့။

အများသိစေရန်ကြေညာ

တောင်ကြီးမြို့ ကန်အရှေ့ရပ်ကွက် ရေထွက်ဦးလမ်းရှိ (၁)အကွက်အမှတ် (၂၆/ကန်အရှေ့ရပ်)၊ ဦးပိုင်အမှတ် ၅၀၊ မြေကွက်အမှတ် ၆၆၊ မြေချိန်ဧရိယာ ၀ဒသမ၁၅၇ဧကရှိ ဒုတိယတန်းစားဂရန်မြေကွက်ကို တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှုတွဲအမှတ် ၁၁၃/၁၉၉၆ အရဖြင့်လည်းကောင်း၊ (၂)အကွက်အမှတ် (၂၆/ကန်အရှေ့ရပ်)၊ ဦးပိုင်အမှတ် ၅၁ မြေကွက်အမှတ် ၆၇၊ မြေချိန်ဧရိယာ ၀ဒသမ ၁၅၈ဧကရှိ ဒုတိယတန်းစားဂရန်မြေကွက်ကို တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှုတွဲအမှတ်(၁၁၂/၁၉၉၆)အရဖြင့်လည်းကောင်း၊ ဒေါ်သိန်းဟန်(NYHE-၀၀၀၇၈၆)က တစ်ဦးတည်းဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသည့် နေအိမ်ဥပစာများဖြစ်ပြီး ဒေါ်သိန်းဟန်၏စာဖြင့် အတိအလင်းသဘောတူညီချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အထက်နေအိမ်ဥပစာများကို တစ်နည်းနည်းဖြင့်လွှဲပြောင်းပေးကမ်း၊ ရောင်းချ၊ ပေါင်နှံ၊ အငှားချထားခြင်းများကို ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် အကယ်၍ ထိုသို့ပြုလုပ်ခဲ့ခြင်းများ ရှိခဲ့ပါကလည်း ဒေါ်သိန်းဟန်အနေဖြင့် သဘောမတူ၊အသိအမှတ်မပြုပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စောစန္ဒာညို၊ ဒေါ်မေသူဇင် (အထက်တန်းရှေ့နေများ)
မြမြင့်မိုရ်(ရှေ့နေရုံးခန်း)
အခန်း ၁၀၆၊ YMCA တိုက်တန်း၊
ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။

အများသိစေရန်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ် ၇ ရပ်ကွက် အထက်ပုဇွန်တောင်လမ်း တိုက်အမှတ် ၁၀/၁၂၊ အခန်းအမှတ် ၇၀၃၊ ရှစ်လွှာရှိ တိုက်ခန်းအား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန်းမြင့် ၅/မမတ(နိုင်)၀၀၂၃၁၁က မူလတိုက်ခန်းပိုင်ရှင် ဒေါ်ခင်အေးကြွယ် ၁၂/ပဇတ(နိုင်)၀၂၄၈၃၇ နှင့် ဒေါ်ခင်လေးမြင့် ၁၂/ဗဟန(နိုင်) ၀၈၁၃၇၄ တို့ထံမှ ၆-၄-၂၀၀၈ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် သဘောတူစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားစဉ် ဖော်ပြပါ ဒေါ်ခင်အေးကြွယ်၊ ဒေါ်ခင်လေးမြင့်တို့သည် ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ ယင်းတိုက်ခန်းအား ညဉ့်အချိန်ဖောက်ထွင်းဝင်ရောက်ခဲ့သဖြင့် ပုဇွန်တောင်ရဲစခန်း၌ (ပ)အမှတ် ၂၀၈/၀၈ဖြင့် အမှုဖွင့်အရေးယူထားပြီးဖြစ်ပါသောကြောင့် ယင်းတိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ လျှုဒါန်းခြင်း စသည်ဖြင့် မည်သည့်လွှဲပြောင်းမှုမျှ မပြုလုပ်ရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်စိုး(LL.B, D.B.L, D.I.L)
ဥပဒေအကြံပေးနှင့် ရှေ့နေ
အမှတ် ၁၊ ၃၄လမ်း၊ မြေညီထပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်ပိတ်ဆည်များအတွင်း ရေဝင်ရောက်မှုနှင့် ငါးမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက်ဂုနာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးအတွက် ၂၀၀၈ခုနှစ် ပဉ္စမပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကြည့်ရှုအားပေးသည်။

ကံ့ကော်ပင်စိုက်ပျိုး

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် ပဉ္စမပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ ကော်လံ ၆

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး